# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

## ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏
## ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း လေ့လာတင်ပြခြင်း


လေ့လာတင်ပြသူများ

ဒေါက်တာချစ်အေးအေးကြည်
ဒုတိယညွှန်ကြားရေးမှူး
သုတေသနနှင့်လေ့ကျင့်ဌာနခွဲ

ဒေါ်မြတ်မြတ်စိုး
လက်ထောက်ညွှန်ကြားရေးမှူး
ဝန်ထမ်းရေးရာဌာနခွဲ


၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်

## မာတိကာ


နိဒါန်း ၁

၁။ ပထဝီအနေအထား ၂

၂။ နိုင်ငံသမိုင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာပုံ ၃

၂.၁။ ဗြိတိသျှအိန္ဒိယ၏အုပ်ချုပ်မှုအောက်တွင် တည်ရှိပုံ ၃

၂.၂။ ပါကစ္စတန်နိုင်ငံမှ အရှေ့ပါကစ္စတန်(ဘင်္ဂလားဒေ့ရှ်)နိုင်ငံ ဖြစ်ပေါ်လာပုံ ၆

၂.၃။ နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာပုံ ၁၀

၃။ ၁၉၇၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၁

၃.၁။ အခြေခံဥပဒေနိဒါန်း ၁၂

၃.၂။ နိုင်ငံဖွဲ့စည်းတည်ဆောက်မှုနှင့် အစိုးရပုံသဏ္ဌာန် ၁၂

၃.၃။ နိုင်ငံတော်အာဏာကျင့်သုံးမှု ၁၃

၃.၃.၁။ ဥပဒေပြုရေးအာဏာကျင့်သုံးမှု ၁၃

၃.၃.၁.၁။ ပါလီမန် ၁၃

၃.၃.၁.၂။ ဥပဒေပြုရေးလုပ်ငန်းစဉ် ၁၅

၃.၃.၂။ အုပ်ချုပ်ရေးအာဏာကျင့်သုံးမှု ၁၆

၃.၃.၂.၁။ နိုင်ငံတော်သမ္မတ ၁၆

၃.၃.၂.၂။ ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ ၁၇

၃.၃.၃။ တရားစီရင်ရေးအာဏာကျင့်သုံးမှု ၁၈

၃.၃.၃.၁။ တရားလွှတ်တော်ချုပ် ၁၈

၃.၃.၃.၂။ အယူခံတရားရုံးဌာန ၂၀

၃.၃.၃.၃။ တရားလွှတ်တော်ဌာန ၂၁

၃.၃.၃.၄။ လက်အောက်ခံတရားရုံးများ ၂၂

၃.၄။ နိုင်ငံသားများ၏ အခွင့်အရေးများ ၂၄

၃.၄.၁။ အခြေခံအခွင့်အရေးများ ၂၄

၃.၄.၂။ နိုင်ငံသားဖြစ်ခွင့် ၂၅

၃.၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များ ၂၆

၃.၆။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း ၂၆-၂၇

၄။ သုံးသပ်ချက် ၂၉

နိဂုံး ၃၁

ကိုးကားသည့်စာရွက်စာတမ်းများ ၃၃

# ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း လေ့လာတင်ပြခြင်း

## နိဒါန်း

၁။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာ့လူဦးရေသိပ်သည်းမှုအများဆုံးနိုင်ငံ ၁၀ နိုင်ငံအနက် တစ်နိုင်ငံအပါအဝင်ဖြစ်ပါသည်။ နိုင်ငံ၏ လူဦးရေ ၉၈ ရာခိုင်နှုန်းသည် အစ္စလာမ်ဘာသာကို ကိုးကွယ်သည့် ဘင်္ဂလားလူမျိုးများဖြစ်ပြီး အစ္စလာမ်ဘာသာကို နိုင်ငံတော်ဘာသာအဖြစ် သတ်မှတ်ထားသည့်နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ နိုင်ငံသည် ၁၉၇၁ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့တွင် ပါကစ္စတန်နိုင်ငံမှ သီးခြားနိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်ခဲ့ပြီး ၁၉၇၂ ခုနှစ်၊ ဒီဇင်ဘာလ၌ အာဏာသက်ဝင်ခဲ့သော လက်ရှိကျင့်သုံးလျက်ရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ခေတ်နှင့်အညီ ပြင်ဆင်မှုများပြုလုပ်ကာ ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။ တစ်ပြည်ထောင်စနစ်ကို ကျင့်သုံးသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် နိုင်ငံသားများပိုင်ဆိုင်သော နိုင်ငံတော်အာဏာကို နိုင်ငံတော်သမ္မတ၊ ဝန်ကြီးချုပ်ဦးဆောင်သည့်အစိုးရအဖွဲ့၊ ပါလီမန်၊ တရားလွှတ်တော်ချုပ်တို့က ပြည်သူများကိုယ်စား ဆောင်ရွက်လျက်ရှိပါသည်။

၂။ နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံ(developing country)ဖြစ်ပြီး တစ်ဦးချင်းဝင်ငွေအနေဖြင့် တိုးတက်မှုရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ လူဦးရေသိပ်သည်းမှု များပြားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း လူဦးရေတိုးတက်မှုအား ထိန်းသိမ်းနိုင်ခြင်း၊ သဘာဝဘေးအန္တရာယ်များကျရောက်သော်လည်း ကယ်ဆယ်ရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်း၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးသော်လည်း အထည်အလိပ်တင်ပို့ရောင်းချခြင်းလုပ်ငန်းဖြင့် နိုင်ငံခြားဝင်ငွေ ရရှိစေခြင်း၊ အမျိုးသမီးများ၏ ကဏ္ဍဖွံ့ဖြိုးတိုးတက်စေခြင်း၊ အသေးစားငွေချေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ဆင်းရဲမှုကို လျှော့ချနိုင်ခြင်း စသည်တို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည့်နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

၃။ ထို့ပြင် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဓနသဟာယနိုင်ငံများအဖွဲ့(Commonwealth)၊ ကုလသမဂ္ဂ(the United Nations) တို့တွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပြီး တောင်အာရှဒေသပူးပေါင်းဆောင်ရွက်ရေးအသင်း(SAARC- the South Asian Association for Regional Cooperation)၊ တောင်အာရှဒေသတွင်းစီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး(SASEC-the South Asia

Subregional Economic Cooperation)ကို ဦးဆောင်တည်ထောင်သည့်နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါသည်။ နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် နှစ်နိုင်ငံကူးသန်းရောင်းဝယ်ရေး ဆိုင်ရာစာချုပ်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစာချုပ်များကိုလည်း ချုပ်ဆိုဆောင်ရွက်လျက်ရှိပါသည်။

၄။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည်ဘင်္ဂလားပင်လယ်အော်စီးပွားရေးနှင့် နည်းပညာဆိုင်ရာဘက်စုံပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း(BIMSTEC- Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation)၊ အာရှနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (AACC- Association of Southeast Asian Constitutional Courts and Equivalent Institutions) တို့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် ယခုစာတမ်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏သမိုင်းနှင့် နိုင်ငံတစ်နိုင်ငံအဖြစ် လွတ်မြောက်ရပ်တည်ရေး ကြိုးပမ်းဆောင်ရွက်မှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်အာဏာကျင့်သုံးမှုများကို လေ့လာတင်ပြထားပါသည်။

**ပထဝီအနေအထား**

၅။ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသည် တောင်အာရှတွင်တည်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မြောက်ဘက်၊ အနောက်ဘက်နှင့် အရှေ့ဘက်တွင် အိန္ဒိယသမ္မတနိုင်ငံ၊ အရှေ့တောင်ဘက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါသည်။ တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော်တည်ရှိပါသည်။ နိုင်ငံသည် ၁၄၇,၅၇၀ စတုရန်းကီလိုမီတာကျယ်ဝန်းပြီး နိုင်ငံ၏ မြို့တော်မှာ ဒါကာ(Dhaka) ဖြစ်ပါသည်။ နိုင်ငံတွင် လူဦးရေ ၁၆၈ သန်း (၁၆၈,၁၂၀,၀၀၀)ကျော်ခန့် နေထိုင်လျက်ရှိပြီး ကမ္ဘာပေါ်တွင် အင်မမြောက် လူဦးရေအများဆုံးနိုင်ငံ တစ်နိုင်ငံလည်းဖြစ်ပါသည်။[1] နိုင်ငံ၏ကိုးကွယ်သည့်ဘာသာမှာ အစ္စလာမ်ဘာသာဖြစ်သော်လည်း ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာနှင့် အခြားကိုးကွယ်ယုံကြည်မှုများကိုလည်း တူညီသည့်အခွင့်အရေးနှင့် ကိုးကွယ်ခွင့်များကို နိုင်ငံတော်က အာမခံပေးထား

---

[1] Bangladesh Summary, https://www.britannica.com/summary/Bangladesh

ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်းဖော်ပြထားပါသည်။[2] နိုင်ငံ၏ ရုံးသုံးဘာသာစကားမှာ ဘင်္ဂလား(Bangla[3])ဖြစ်ပြီး သုံးစွဲသည့်ငွေကြေးမှာ တာကာ(taka) ဖြစ်ပါသည်။[4]




**ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ ပထဝီအနေအထားပြမြေပုံ**

**နိုင်ငံသမိုင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာပုံ**

**ဗြိတိသျှအိန္ဒိယ၏အုပ်ချုပ်မှုအောက်တွင် တည်ရှိပုံ**

၆။ ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ အရှေ့မြောက်ဘက်ရှိဒေသတစ်ခုအဖြစ်တည်ရှိခဲ့ပြီး ဘီစီ ၃ ရာစုမှ စတင်၍ ဘင်္ဂလား(Bengal)ဟုသာ ခေါ်တွင်ခဲ့သည်။ ဘင်္ဂလားကို

---

[2] Article 2(A) of the Constitution of People's Republic of Bangladesh 1972 amendment with 2018(18th Amendment)

[3] Article 3 of the Constitution of People's Republic of Bangladesh 1972 amendment with 1988(8th Amendment)

[4] An introduction to Bangladesh, https://www.larive.com/an-introduction-to-bangladesh/

ဘီစီ ၃ ရာစုမှ ၁၁ ရာစုအထိ Mauryan၊ Gupta၊ Pala နှင့် Chandra မင်းဆက်များက အုပ်စိုးခဲ့ပြီး အဆိုပါဒေသ၌ ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာကိုးကွယ်မှုတို့ ထွန်းကားခဲ့သည်။ ၉ ရာစု အစောပိုင်းတွင် အာရပ်ကုန်သည်များသည် အစ္စလာမ်ဘာသာကိုးကွယ်မှုကို ယူဆောင်ခဲ့ပြီး ၁၂ ရာစုခန့်တွင် အစ္စလာမ်ဘာသာကိုးကွယ်သူများက အဆိုပါဒေသကို သိမ်းပိုက်ခဲ့ကြသည်။ အုပ်ချုပ်သူများသည် မူမတူယှဉ်တွဲနေထိုင်မှုဝါဒ(pluaristic)သာမက ဘာသာ၊ ယဉ်ကျေးမှုမတူသူများစုပေါင်းနေထိုင်သည့်ဝါဒ(syncretic)ကို အခြေခံသည့် လူ့အဖွဲ့အစည်းတစ်ရပ်ကို တည်ထောင်ခဲ့ပြီး စိုက်ပျိုးရေးကဏ္ဍကို စီးပွားရေးကဏ္ဍအဖြစ် ဦးတည်ဆောင်ရွက်ခဲ့ကြသည်။ မဂိုမင်းဆက်(Mughals Empire)လက်ထက်တွင် စီးပွားရေးကဏ္ဍသည် တိုးတက်ခဲ့ပြီး နယ်နိမိတ်များသည် ကျယ်ပြန့်လာကာ ဘင်္ဂလားပြည်နယ်(the Province of Bengal- Suba Bangalah)အဖြစ် ရပ်တည်ခဲ့သည်။

၇။ မဂိုမင်းဆက်(Mughal Empire)များအနက် တစ်ခုဖြစ်သော Aurangzeb ဘုရင်သည် ၁၆၅၈ ခုနှစ်မှ ၁၇၀၇ ခုနှစ်အထိ အုပ်ချုပ်ခဲ့ပြီး အဆိုပါကာလတွင် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီကို ကလကတ္တား(Kolkata)မြို့တွင် အခြေစိုက်နေထိုင်ခွင့်ပြုခဲ့ပြီးနောက် မဂိုမင်းဆက်သည် အင်အားလျော့နည်းခဲ့သည်။ ၁၇၅၇ ခုနှစ်တွင် ဗြိတိသျှတို့သည် ဘင်္ဂလားပြည်နယ်အား သိမ်းယူခဲ့ပြီး ဘင်္ဂလားသမ္မတပြည်နယ်(Bengal Presidency)ဟု ခေါ်တွင်စေ၍ ၁၇၈၆ ခုနှစ်မှ ၁၇၉၃ ခုနှစ်အထိ အုပ်ချုပ်ခဲ့သည်။ အဆိုပါစနစ်အရ ပစ္စည်းပိုင်ဆိုင်မှုကို ဒေသတွင်းပြည်သူများထံသို့ အပ်နှင်းခဲ့ခြင်းဖြင့် *bhandralok* ဟုခေါ်သော လူလတ်တန်းစားတစ်ရပ်ကို ဖြစ်ပေါ်စေခဲ့သည်။ အစပိုင်းတွင် အဆိုပါလူလတ်တန်းစားတွင် ဟိန္ဒူဘာသာဝင်အများစုပါရှိပြီး ၁၉ ရာစုနှောင်းပိုင်းတွင် အစ္စလာမ်ဘာသာကိုးကွယ်သူများ ပိုမိုများပြားလာခဲ့ကာ အိန္ဒိယကိုယ်ပိုင်အစိုးရတစ်ရပ်ကို ထောက်ခံမှုအများဆုံး အဖွဲ့အစည်းတစ်ရပ် ဖြစ်လာခဲ့သည်။

၈။ ၁၉၀၅ ခုနှစ်တွင် ဗြိတိသျှဘုရင်ခံ George Nathaniel Curzon က Bihar နှင့် Orissa တို့ပါဝင်သည့် အနောက်ဘင်္ဂလားပြည်နယ်၊ အရှေ့ဘင်္ဂလားပြည်နယ်နှင့် အာသံ (Assam) ဟူ၍ ပြည်နယ်များကို သတ်မှတ်ခဲ့သည်။ အနောက်ဘင်္ဂလားပြည်နယ်တွင် ဟိန္ဒူအများစု နေထိုင်ခဲ့ပြီး အရှေ့ဘင်္ဂလားပြည်နယ်နှင့် အာသံတွင် မွတ်ဆလင်လူမျိုးအများစု နေထိုင်ခဲ့ကြပါသည်။ အုပ်ချုပ်မှုစနစ်တိုးတက်လာသည်နှင့်အမျှ ဘုရင်ခံသည် ဟိန္ဒူများထက် မွတ်ဆလင်များကို အလေးပေးရန် ရည်ရွယ်ခဲ့သဖြင့် အနောက်ဘင်္ဂလားတွင် ကန့်ကွက်ဆန္ဒပြမှုများ

ပြင်းထန်စွာ ဖြစ်ပေါ်ခဲ့သည်။ ၁၉ဝ၆ ခုနှစ်တွင် နိုင်ငံရေးခေါင်းဆောင် Nawab Salimullah ၏ ဦးဆောင်မှုဖြင့် အိန္ဒိယမွတ်ဆလင်အသင်း(All-India Muslim League) ကို ထူထောင်ခဲ့ပြီး ခွဲထွက်ခွင့်အတွက် တောင်းဆိုမှုများကို ပြုလုပ်ခဲ့ကြသော်လည်း အောင်မြင်မှုမရရှိခဲ့ဘဲ Bihar နှင့် Orissa တို့ကို သီးခြားပြည်နယ်အဖြစ် ဖွဲ့စည်း၍ အာသံသည်လည်း သီးခြားပြည်နယ် အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

၉။ အိန္ဒိယအမျိုးသားကွန်ဂရက်(Indian National Congress)နှင့် အိန္ဒိယမွတ်ဆလင် အသင်းတို့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးအတွက် ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ ၁၉၂၈ ပြည့်နှစ်တွင် လူမျိုးရေးမုန်းတီးမှုများ ပေါ်ပေါက်လာခဲ့ပြီး အိန္ဒိယမွတ်ဆလင်အသင်း၏ အကြမ်းမဖက်သည့်ညှိနှိုင်းမှုသည် အောင်မြင်ခြင်းမရရှိဘဲ မဟတ္တမဂန္ဒီဦးဆောင်သည့် အိန္ဒိယ အမျိုးသားရေးဝါဒီလှုပ်ရှားမှုများ ပေါ်ပေါက်လာခဲ့ပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရန်အလို့ငှာ ကြိုးပမ်းဆောင်ရွက်ရာတွင် အဖွဲ့အစည်းများအလိုက် သဘောထားကွဲလွဲမှုများကို စုပေါင်း၍ ကျော်လွှားဆောင်ရွက်ရန်အတွက် ညွန့်ပေါင်းနည်းဗျူဟာများချမှတ်ခဲ့ကြသော်လည်း ၁၉၄၂ ခုနှစ်တွင် မွတ်ဆလင်-ဟိန္ဒူလူမျိုးရေးပဋိပက္ခ ပြင်းထန်စွာ ဖြစ်ပွားခဲ့ပြီး ပါကစ္စတန်သည် အိန္ဒိယမှ ခွဲထွက်ရန် အကြောင်းပေါ်ပေါက်ခဲ့ပါသည်။

၁၀။ ၁၉၄၇ ခုနှစ်တွင် ဘုရင်ခံချုပ် Louis Mountbatten က နိုင်ငံကို ဗြိတိသျှဘုရင်မကြီး Queen Elizabeth the Second ကိုယ်စား အုပ်ချုပ်ခဲ့ပါသည်။ ယင်းသည် နိုင်ငံကို အုပ်ချုပ်ခဲ့ သည့် ဗြိတိသျှအိန္ဒိယ၏ နောက်ဆုံးဘုရင်ခံချုပ်ဖြစ်ပြီး ယင်းအား နိုင်ငံတော်အာဏာကို လွှဲပြောင်းပေးရန် လုပ်ပိုင်ခွင့်အာဏာများ အပ်နှင်းထားသည့်အတွက် ထိုစဉ်က အိန္ဒိယနိုင်ငံ (အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်)သည် လွတ်လပ်ရေးရရှိရန်အတွက် အသီးသီးကြိုးပမ်း ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာ၌ မွတ်ဆလင်အသင်းသည် တစ်ညီတစ်ညွတ်တည်း ပေါင်းစည်းထားသည့် ဘင်္ဂလားပြည်နယ်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဗြိတိသျှအိန္ဒိယဘုရင်ခံချုပ်က အသိအမှတ်ပြုလက်ခံခဲ့သော်လည်း မဟတ္တမဂန္ဒီနှင့် ကွန်ဂရက် ပါတီတို့က ဆန့်ကျင်ခဲ့ကြသည့်အတွက် ၁၉၄၇ ခုနှစ် ဩဂုတ်လ၌ ဗြိတိသျှကိုလိုနီအုပ်ချုပ်မှု ပြီးဆုံး၍ လွတ်လပ်ရေးရရှိသည့်အခါ အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံဟူ၍ နိုင်ငံသစ်နှစ်ခု ပေါ်ပေါက်လာခဲ့ပါသည်။ ထိုစဉ်ကာလ၌ ဘင်္ဂလားပြည်နယ်(အရှေ့ဘင်္ဂလား)သည် ကိုယ်ပိုင်

အုပ်ချုပ်ခွင့်ကိုရရှိရန်အလို့ငှာ ပါကစ္စတန်နိုင်ငံ၏ အစိတ်အပိုင်းပြည်နယ်တစ်ခုအဖြစ် ပါဝင်ဖွဲ့စည်းခဲ့ပါသည်။[5]

## ပါကစ္စတန်နိုင်ငံမှ အရှေ့ပါကစ္စတန်(ဘင်္ဂလားဒေ့ရှ်)နိုင်ငံဖြစ်ပေါ်လာပုံ

၁၁။ ယနေ့ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသည် ဗြိတိသျှအစိုးရတို့ အုပ်ချုပ်စဉ်ကာလ၌ ဘင်္ဂလား(Bengal)ပြည်နယ်အဖြစ်သာ တည်ရှိခဲ့ပါသည်။ ၁၉၄၇ ခုနှစ်၊ ဩဂုတ်လတွင် ဗြိတိသျှအိန္ဒိယတို့ခွဲထွက်ရာမှ အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံဟူ၍ နိုင်ငံနှစ်နိုင်ငံပေါ်ထွက်လာခဲ့ပါသည်။ ဘင်္ဂလားပြည်နယ်သည် အရှေ့ဘင်္ဂလားပြည်နယ်(East Pakistan)အဖြစ် ပါကစ္စတန်နိုင်ငံတွင် ပါဝင်ခဲ့ပြီး ပြည်နယ်အား ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် အုပ်ချုပ်ခွင့်ရရှိစေရန် ဆောင်ရွက်ခဲ့ပါသည်။ ၁၉၄၇ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိကာလများ၌ ဘင်္ဂလားပြည်နယ်သည် ပါကစ္စတန်နိုင်ငံတွင် အရှေ့ပါကစ္စတန်ပြည်နယ်အဖြစ် တည်ရှိခဲ့ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရန်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အခက်အခဲများ(အရေးအခင်း) များစွာ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ အဆိုပါအခက်အခဲများအနက် ၁၉၄၈ ခုနှစ်မှ ၁၉၅၂ ခုနှစ်ကာလအတွင်း၌ ဖြစ်ပွားသည့် ဘာသာစကားဆိုင်ရာလှုပ်ရှားမှု(the Language Movement)၊ အစီအမံ ၂၁ ချက်ကို အခြေခံသည့် ၁၉၅၄ ခုနှစ် ပြည်နယ်ရွေးကောက်ပွဲ၊ ၁၉၆၅ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ ဖြစ်ပွားသည့် လူထုဆူပူအုံကြွမှု(the mass upsurge)အရှိန်မြင့်မားလာခြင်းစသည့်အချက်များသည် ဘင်္ဂလားပြည်နယ်အား ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ကျင့်သုံးသည့် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံဖြစ်ပေါ်လာစေရန် ရှေးရှု၍ဆောင်ရွက်ရာ၌ ရင်ဆိုင်ကြုံတွေ့ရသည့် အဓိကစိန်ခေါ်မှုများပင်ဖြစ်ပါသည်။ အဆိုပါကာလများတွင် ပါကစ္စတန်နိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အရေးအခင်းများ များစွာပေါ်ပေါက်လျက်ရှိပြီး ဒီမိုကရေစီစနစ်ကို ကျင့်သုံးသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခြင်းလုပ်ငန်းစဉ်သည် ၁၉၅၆ ခုနှစ်အထိ ကြာမြင့်ခဲ့ပါသည်။

၁၂။ ပါကစ္စတန်နိုင်ငံ၏ ၁၉၅၆ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရှေ့ပါကစ္စတန်(East Pakistan)နှင့် အနောက်ပါကစ္စတန်(West Pakistan) ဟူ၍ ဥရူဒူနှင့်ဘင်္ဂလီ(Urdu and Bengali) ဘာသာစကားနှစ်မျိုး အသုံးပြုသည့် ပြည်နယ်နှစ်ခုပေါ်ပေါက်လာခဲ့ပါသည်။ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရှေ့ဘင်္ဂလားသည် အရှေ့ပါကစ္စတန်အဖြစ် တည်ရှိခဲ့သည်။

[5] Hugh Russell Tinker, history of Bangladesh, (2024),https://www.britannica.com/topic/history-of-Bangladesh

အနောက်ပါကစ္စတန်ခေါင်းဆောင်များသည် အရှေ့ပါကစ္စတန်(အရှေ့ဘင်္ဂလား)အပေါ် ခွဲခြား ဆက်ဆံမှုများပြုလုပ်ခဲ့ရာ အရှေ့ပါကစ္စတန်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်အဖြစ် ရရှိနိုင်ရေးတောင်းဆိုမှုများကို ပြုလုပ်ခဲ့ပါသည်။ ၁၉၅၆ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အရှေ့ပါကစ္စတန်အား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်အဖြစ် ဖွဲ့စည်းခြင်းကို ခွင့်ပြုခြင်းမရှိခဲ့သဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိနိုင်ရေးအတွက် တောင်းဆိုမှုများကို ဆက်လက်ပြုလုပ်ခဲ့ပါသည်။ ၁၉၅၈ ခုနှစ်၌ တပ်မတော်မှ အာဏာရယူခဲ့ပြီး ၁၉၅၆ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပယ်ဖျက်၍ စစ်ဥပဒေ(Martial Law)ဖြင့် ပြဋ္ဌာန်းအုပ်ချုပ်ခဲ့ပါသည်။ အဆိုပါဥပဒေအရ နိုင်ငံရေးပါတီများအားလုံးကို ဖျက်သိမ်းခဲ့ပါသည်။ စစ်အုပ်ချုပ်ရေးဆောင်ရွက်စဉ်ကာလအတွင်း ၁၉၆၂ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းခဲ့သော်လည်း အရှေ့ပါကစ္စတန်သည် လက်ခံခဲ့ခြင်းမရှိဘဲ ဆန္ဒပြမှုများကို ဆောင်ရွက်ခဲ့ပါသည်။ တပ်မတော်အစိုးရ (military ruler)သည် ပါတီများဖျက်သိမ်းခြင်း ကန့်သတ်ချက်ကို ၁၉၆၆ ခုနှစ်တွင် ပယ်ဖျက်ခဲ့သောကြောင့် Sheikh Mujibur Rahman သည် အရှေ့ပါကစ္စတန်အား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရန်နှင့် ပါကစ္စတန်နိုင်ငံ၌ ဖက်ဒရယ်ဒီမိုကရေစီစနစ်ကိုကျင့်သုံးသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ရည်ရွယ်၍ တောင်းဆိုမှုများကို ပြုလုပ်ခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် အရှေ့ပါကစ္စတန်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရန်နှင့် အရှေ့ပါကစ္စတန်တွင် နေထိုင်သည့်လူဦးရေကို ကိုယ်စားပြုသော ဥပဒေပြုလွှတ်တော်တစ်ရပ်ထားရှိရန်အတွက် ၁၉၆၂ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်မှုများပြုလုပ်ရန် အဆိုတင်သွင်းသော်လည်း အောင်မြင်မှုမရရှိခဲ့ပါ။ အရှေ့ပါကစ္စတန်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိရန်အတွက် တောင်းဆိုမှုများကို ၁၉၆၂ ခုနှစ်မှ ၁၉၆၉ ခုနှစ် အထိ ပြုလုပ်ခဲ့သော်လည်း အောင်မြင်မှုရရှိခဲ့ခြင်း မရှိပါ။

၁၃။ သို့သော် ၁၉၆၉ ခုနှစ်၊ မတ်လ၌ ပါကစ္စတန်နိုင်ငံတွင် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသော Ayub Khan သည် ဗိုလ်ချုပ် Yahya Khan အား နိုင်ငံတော်အာဏာကို လွှဲအပ်ခဲ့ရာ ဗိုလ်ချုပ် Yahya Khan က အာဏာကို လက်ခံရယူသည့်နေ့မှာပင် "ရွေးကောက်ခံကိုယ်စားလှယ်များကို လုပ်ပိုင်ခွင့်အာဏာအပ်နှင်းမည်ဖြစ်ကြောင်း၊ ၁၉၇၀ ပြည့်နှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် အမျိုးသားညီလာခံတစ်ရပ်ကို ဖွဲ့စည်းပြီးနောက် ပါကစ္စတန်နိုင်ငံအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်အား အတည်ပြုပြဋ္ဌာန်းနိုင်မည်ဖြစ်ကြောင်းကို ကတိပြုကြောင်း"

ထုတ်ပြန်ကြေညာခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်သမ္မတသည် ကိုယ်စားလှယ်နေရာ ၁၆၉ နေရာပါဝင်သည့် အမျိုးသားညီလာခံကို ဖွဲ့စည်းခြင်းနှင့် ရွေးကောက်ပွဲအတွက် နည်းဥပဒေများပါဝင်သည့် ဥပဒေမူကြမ်းရေးဆွဲရေးအမိန့်(Legal Framework Order-LFO)တစ်ရပ်ကို ၁၉၇၀ ပြည့်နှစ် မတ် ၃၀ ရက် နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၁၄။ ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလတွင် အထွေထွေရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပခဲ့ပြီး ရွေးကောက်ပွဲရလဒ်များအရ အရှေ့ပါကစ္စတန်ရှိ ပြည်သူများ၏ ဆန္ဒမဲကို အများဆုံးရရှိသည့် Awami League (AL)ပါတီသည် ပါကစ္စတန်နိုင်ငံ၏ ပါလီမန်ကိုယ်စားလှယ်နေရာ ၃၁၃ နေရာတွင် ၁၆၇ နေရာဖြင့်လည်းကောင်း၊ အရှေ့ပါကစ္စတန်ရှိ ပြည်နယ်လွှတ်တော်တွင်လည်း ကိုယ်စားလှယ် ၃၁၀ နေရာတွင် ၂၈၈ နေရာဖြင့်လည်းကောင်း အနိုင်မဲရရှိခဲ့ပြီး ပါကစ္စတန်နိုင်ငံအတွက် အစိုးရတစ်ရပ်ကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။ နိုင်ငံတော်သမ္မတ Yahya Khan သည် နိုင်ငံတော်အာဏာအား အနိုင်ရပါတီထံသို့ လွှဲအပ်ရမည်ဖြစ်သော်လည်း ထိုသို့ဆောင်ရွက်ရန်အတွက် အမျိုးသားညီလာခံကျင်းပခြင်းကို အကြိမ်ကြိမ်ရွှေ့ဆိုင်းခဲ့သောကြောင့် Sheikh Mujibur Rahman က အနိုင်ရပါတီအား အာဏာလွှဲအပ်နိုင်ရေးအတွက် အစိုးရကို ဖိအားပေးရန် အလို့ငှာ ပူပေါင်းဆောင်ရွက်မှုမရှိသောလှုပ်ရှားမှုတစ်ရပ် (a non-cooperation movement) ကို ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် Sheikh Mujibur Rahman သည် နိုင်ငံတော်အာဏာကို ရွေးကောက်ခံကိုယ်စားလှယ်များထံသို့ အပ်နှင်းမည်ဖြစ်ကြောင်းနှင့် ယခုအကြိမ်ဆောင်ရွက်မှုသည် အရှေ့ပါကစ္စတန်အား သီးခြားဘင်္ဂလားဒေ့ရှ်နိုင်ငံထူထောင်ရန်အတွက် အရေးပါသည့် လှုပ်ရှားဆောင်ရွက်မှုတစ်ရပ်ဖြစ်ကြောင်းကို ကြေညာခဲ့ပြီး၊ ၁၉၇၁ ခုနှစ် မတ်လတွင် လွတ်လပ်ရေးကြေညာစာတမ်း ပေါ်ပေါက်လာခဲ့ပါသည်။ ထိုအချိန်တွင် ပါကစ္စတန်သည် အရှေ့ပါကစ္စတန်ကို လေကြောင်း၊ ရေကြောင်းမှတစ်ဆင့်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ရာ ဘင်္ဂလားဒေ့ရှ်၏ မဟာမိတ်ဖြစ်သော အိန္ဒိယနိုင်ငံသည်လည်း အဆိုပါစစ်ပွဲတွင် ပါဝင်လာခဲ့ပါသည်။ ၉ လကြာဖြစ်ပွားသော အဆိုပါစစ်ပွဲသည် ၁၉၇၁ ခုနှစ် ဒီဇင်ဘာလတွင် ပြီးဆုံးခဲ့ပြီး အိန္ဒိယတို့၏ အကူအညီပေးမှုများကြောင့် ဘင်္ဂလားဒေ့ရှ်သည် စစ်ပွဲတွင် အောင်နိုင်ခဲ့သည်။

၁၅။ ၁၉၇၁ ခုနှစ် မတ်လတွင် ရွေးကောက်ခံကိုယ်စားလှယ်များပါဝင်သည့် တိုင်းပြည်ပြုလွှတ်တော်(the Constituent Assembly)က ထုတ်ပြန်ကြေညာခဲ့သည့် လွတ်လပ်ရေးကြေညာစာတမ်း နိဒါန်းပိုင်းတွင် "ကျွန်ုပ်တို့သည် ပြည်သူများ၏ ရွေးကောက်ခံကိုယ်စားလှယ်

များဖြစ်ကြပြီး ပြည်သူများ၏ဆန္ဒများအရ ပေးအပ်ထားသောတာဝန်များကို ထမ်းဆောင်ရမည် ဖြစ်ပါသောကြောင့် တိုင်းပြည်ပြုလွှတ်တော်တစ်ရပ်ကို ကျွန်ုပ်တို့ကိုယ်တိုင် ဖွဲ့စည်း၍ အပြန်အလှန်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီး ပြည်သူများအတွက် တန်းတူညီမျှမှု၊ လူ့ဂုဏ်သိက္ခာနှင့် လူမှုတရားမျှတမှုများရရှိစေရန်အလို့ငှာ အချုပ်အခြာအာဏာပိုင် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံအဖြစ် ဖွဲ့စည်းတည်ဆောက်လိုက်သည် ဟု ကြေညာကြောင်း” ဖော်ပြပါရှိပါသည်။

၁၆။ လွတ်လပ်ရေးကြေညာစာတမ်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအသစ်ကို ဖြစ်ပေါ်စေခဲ့ပြီး တိုင်းပြည်ပြုလွှတ်တော်တစ်ရပ်ကို ဖွဲ့စည်း၍ ဘင်္ဂလားဒေ့ရှ်ပြည်သူများအား အချုပ်အခြာအာဏာ၏ သဘောတရားများကို လက်ခံယုံကြည်စေကာ တန်းတူညီမျှမှု၊ လူ့ဂုဏ်သိက္ခာနှင့် လူမှုတရားမျှတမှုများအတွက် အခြေခံစံတန်ဖိုးများကို ချမှတ်နိုင်ခဲ့သည်။ ၁၉၇၁ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို အချုပ်အခြာအာဏာပိုင်လွတ်လပ်သည့်နိုင်ငံအဖြစ် တရားဝင်ကြေညာခဲ့ပါသည်။

၁၇။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပါကစ္စတန်နိုင်ငံမှ ခွဲထွက်၍ အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံတစ်နိုင်ငံအဖြစ် တည်ထောင်ခြင်းကို ပထမဆုံးအနေဖြင့် ကမ္ဘာ့နိုင်ငံ ၅၂ နိုင်ငံက အသိအမှတ်ပြုလက်ခံခဲ့ကြရာ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ပထမဆုံးအသိအမှတ်ပြုသည့်နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်လျက်ရှိပါကြောင်း တွေ့ရှိရပါသည်။

**နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာပုံ**

၁၈။ ၁၉၇၁ ခုနှစ်တွင် ထုတ်ပြန်ကြေညာခဲ့သော လွတ်လပ်ရေးကြေညာစာတမ်းသည် ၁၉၇၁ ခုနှစ် ဧပြီလ ၁၀ ရက်နေ့၌ ဖွဲ့စည်းခဲ့သော ယာယီအစိုးရတစ်ရပ်အတွက် ယာယီအစီအမံများကို ပြုလုပ်ထားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပထမဆုံးအခြေခံအုတ်မြစ်အဖြစ် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေ(interim constitution)တစ်ရပ်ဖြစ်ခဲ့ပါသည်။ အဆိုပါကြေညာစာတမ်းအရ နိုင်ငံကို သမ္မတစနစ်ဖြင့် ကျင့်သုံးရန် ချမှတ်ခဲ့ပြီး Sheikh Mujibur Rahman (Bangabandhu)ကို နိုင်ငံတော်သမ္မတအဖြစ် ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံ၏အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအာဏာများကို ကျင့်သုံး၍ ဝန်ကြီးချုပ်နှင့်အခြားဝန်ကြီးများကို ခန့်အပ်ခြင်း၊ တိုင်းပြည်ပြုလွှတ်တော်ဆင့်ခေါ်ခြင်းနှင့် ရွှေ့ဆိုင်းခြင်းကို

ဆောင်ရွက်ခဲ့ပြီး စနစ်ကျနစွာ သမာသမတ်ရှိသော အစိုးရတစ်ရပ်(an orderly and just Government)အနေဖြင့် ပြည်သူများအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့ပါသည်။

၁၉။ နိုင်ငံတော်သမ္မတသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ယာယီဖွဲ့စည်းပုံအခြေခံဥပဒေအမိန့်တစ်ရပ် (the Provisional Constitution of Bangladesh Order)ကို ၁၉၇၂ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့၌ ထုတ်ပြန်ကြေညာခဲ့ပြီး အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေအမိန့်အရ နိုင်ငံကို ပါလီမန်စနစ်(parliamentary form) ပြောင်းလဲကျင့်သုံးခဲ့ပြီး တရားစီရင်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကိုပါ ထည့်သွင်းပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါယာယီဖွဲ့စည်းပုံအခြေခံဥပဒေအမိန့်ကို "ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ ပထမဆုံးဖွဲ့စည်းပုံအခြေခံဥပဒေ" အဖြစ် အမည်ခေါ်တွင် အသုံးပြုခဲ့ကြပါသည်။

၂၀။ ထို့နောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အမျိုးသားရေးဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊ ဒီမိုကရေစီဝါဒနှင့် နိုင်ငံရေးတွင် ဘာသာရေးလွှမ်းမိုးမှုကင်းစေသည့်ဝါဒစသည့် အခြေခံမူများကို အခြေခံထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲနိုင်ရေးအတွက် တိုင်းပြည်ပြုလွှတ်တော်တစ်ရပ်ကို ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါတိုင်းပြည်ပြုလွှတ်တော်တွင် ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သော ပြည်သူ့ဆန္ဒခံယူပွဲ၌ အရှေ့ပါကစ္စတန်(ယခုဘင်္ဂလားဒေ့ရှ်နိုင်ငံ)ကို ထောက်ခံသည့် ပြည်သူများက ထောက်ခံဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်ထားပြီး လွတ်လပ်ရေးကြေညာစာတမ်းကို ထောက်ခံထားသည့်ကိုယ်စားလှယ်များ ပါဝင်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ဖွဲ့စည်းခဲ့သော တိုင်းပြည်ပြုလွှတ်တော်အစည်းအဝေးတစ်ရပ်ကို ၁၉၇၂ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် နှစ်ရက်ကြာ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးကို ကိုယ်စားလှယ် ၄၀၃ ဦး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးပထမနေ့တွင် တိုင်းပြည်ပြုလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌကို ရွေးကောက်တင်မြှောက်ခဲ့ပြီး လုပ်ထုံးလုပ်နည်း နည်းဥပဒေများကို ချမှတ်ခဲ့ပါသည်။ အစည်းအဝေးဒုတိယနေ့တွင် အဖွဲ့ဝင် ၃၄ ဦးပါဝင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီ (Constitution Drafting Committee- CDC)ကို ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါကော်မတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲခဲ့ပြီး ၁၉၇၂ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့၌ တိုင်းပြည်ပြုလွှတ်တော်တွင် အတည်ပြုနိုင်ခဲ့သည်။ ၁၉၇၂ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင်ကျင်းပသည့် တိုင်းပြည်ပြုလွှတ်တော်၏ဒုတိယအကြိမ်အစည်းအဝေးတွင် ကော်မတီ၏

အစီရင်ခံစာနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအပေါ် ဆွေးနွေးမှုများပြုလုပ်ခဲ့၍ ၁၉၇၂ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် အတည်ပြုချမှတ်နိုင်ခဲ့ပြီး အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေသည် ၁၉၇၂ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် အာဏာသက်ရောက်ခဲ့ပါသည်။[6]

၂၁။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာရာတွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ယခင်က အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုအနေဖြင့် ဗြိတိသျှတို့၏အုပ်ချုပ်မှုအောက်တွင်ရှိခဲ့ပြီး ၁၉၄၇ ခုနှစ်တွင် ဗြိတိသျှ အုပ်ချုပ်မှုရပ်စဲ၍ အိန္ဒိယနိုင်ငံမှခွဲထွက်ကာ ပါကစ္စတန်နိုင်ငံ၏ ပြည်နယ်တစ်ခုအဖြစ် တည်ရှိခဲ့ရမှုနှင့် ပါကစ္စတန်နိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံအဖြစ် လွတ်မြောက်ပြီး လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် တည်ထောင်နိုင်ရန် ကြိုးပမ်းအားထုတ်မှုနှင့် နိုင်ငံ၏ အချုပ်အခြာအာဏာကို ကျင့်သုံးရန်အတွက် ၁၉၇၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအား ရေးဆွဲအတည်ပြုပြဋ္ဌာန်းမှုတို့ကို လေ့လာတင်ပြခဲ့ခြင်းဖြစ်ပါသည်။

## ၁၉၇၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

၂၂။ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံ၏ အခြေခံမူ ၄ ရပ်ကို အခြေခံ၍ ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုဖြစ်ပြီး ၁၉၇၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့တွင် တိုင်းပြည်ပြုလွှတ်တော်(the Constituent Assembly)က အတည်ပြုပြဋ္ဌာန်းကာ ၁၉၇၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် အာဏာသက်ဝင်ခဲ့ပါသည်။[7] အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၇၂ ခုနှစ်မှ ယနေ့အထိ ၁၇ ကြိမ်မြောက် ပြင်ဆင်မှုများ ပြုလုပ်ထားပြီး ယနေ့တိုင် လက်ခံကျင့်သုံးဆောင်ရွက်လျက်ရှိရာ နိဒါန်း၊ အပိုင်း ၁၁ ပိုင်းနှင့် ပုဒ်မ ၁၅၃ ခုပါဝင်ပါသည်။[8]

၂၃။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသည် တစ်ပြည်ထောင်စနစ်(Unitary)ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပြီး နိုင်ငံ၏ အချုပ်အခြာအာဏာကို ပြည်သူများက ပိုင်ဆိုင်၍ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်အာဏာများကို အာဏာပိုင်အဖွဲ့အစည်းများက ပြည်သူများကိုယ်စား ဆောင်ရွက်ခြင်းဖြစ်ပါသည်။ နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည်

---

[6] Ridwanul Hoque and Rokeya Chowdhury,A History of the Constitution of Bangladesh: The Founding, Development, and Way Ahead, Routledge, 1st Edition(2024), p 3-7

[7] Features of the Constitution(1972) of Bangladesh, http://www.surendranatheveningcollege.com/wp-content/uploads/2020/04/Features-of-the-constitution-of-Bangladesh-english.pdf

[8] 50 Years of Bangladesh Constitution in a Nutshell, https://www.thedailystar.net/law-our rights/news/50-years-bangladesh-constitution-nutshell-3160281

ပြည်သူများ၏ ဆန္ဒကို ထုတ်ဖော်ပြသထားမှုတစ်ခုဖြစ်ပြီး နိုင်ငံ၏ အမြင့်ဆုံးဥပဒေတစ်ခုဖြစ်ကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုမရှိသောဥပဒေများသည် ပျက်ပြယ်ကြောင်းကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၇ တွင် အတိအလင်း ဖော်ပြထားပါသည်။

**အခြေခံဥပဒေနိဒါန်း**

၂၄။ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် နိုင်ငံဖြစ်ပေါ်လာသည့်သမိုင်းများအပေါ် အခြေတည်၍ ရေးဆွဲပြဋ္ဌာန်းထားသည်ဖြစ်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနိဒါန်းတွင် "ကျွန်ုပ်တို့သည် အမျိုးသားလွတ်မြောက်ရေးအတွက် သမိုင်းဝင်သည့် တော်လှန်မှုမှတစ်ဆင့် ၁၉၇၁ ခုနှစ် မတ်လတွင် ကျွန်ုပ်တို့နိုင်ငံ၏ လွတ်လပ်ရေးကို ကြေညာနိုင်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ် အချုပ်အခြာအာဏာပိုင် ပြည်သူ့သမ္မတနိုင်ငံကို တည်ထောင်ခဲ့ကြောင်း၊ အမျိုးသားရေးဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊ ဒီမိုကရေစီဝါဒနှင့် နိုင်ငံရေးတွင် ဘာသာရေးလွှမ်းမိုးမှုကင်းစေသည့်ဝါဒများ၏ စံနှုန်းများကို လိုက်နာရန် ကတိပြုခဲ့ကြပြီး ရဲစွမ်းသတ္တိရှိသည့် အာဇာနည်များ ပါဝင်သော နိုင်ငံလွတ်မြောက်ရေးအတွက် တွန်းလှန်မှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံမူသဘောတရားများပင်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေး၊ အခြေခံအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များ၊ တန်းတူညီမျှအခွင့်အရေးများ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အခြေခံအခွင့်အရေးများကို နိုင်ငံသားများအားလုံးက ခံစားခွင့်ရရှိကြပြီး လူအချင်းချင်းခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းမှ ကင်းဝေးသော လူမှုအဖွဲ့အစည်း၊ ဆိုရှယ်လစ်လူ့အဖွဲ့အစည်းတစ်ရပ်၏ ဒီမိုကရေစီလုပ်ငန်းစဉ်မှတစ်ဆင့် နိုင်ငံ၏အခြေခံရည်မှန်းချက်များအပေါ် ထပ်မံကတိပြုကြောင်း၊ အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနှင့် ပြည်သူများ၏ ပြင်းပြသောဆန္ဒများကို ရှေးရှု၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်သူများ၏ အမြင့်ဆုံးဆန္ဒများကို ထိန်းသိမ်းရန် ကတိသစ္စာပြုကြောင်း၊ ကျွန်ုပ်တို့၏ တိုင်းပြည်ပြုလွှတ်တော်သည် ၁၉၇၂ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းလိုက်ကြောင်း"ကို နိုင်ငံ၏အခြေခံမူများ၊ ရည်မှန်းချက်များနှင့်တကွ ထည့်သွင်းပြဋ္ဌာန်းထားပါသည်။

**နိုင်ငံဖွဲ့စည်းတည်ဆောက်မှုနှင့် အစိုးရပုံသဏ္ဌာန်**

၂၅။ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသည် အမျိုးသားရေးဝါဒ(nationalism)၊ ဆိုရှယ်လစ်ဝါဒ(socialism)၊ ဒီမိုကရေစီဝါဒ(democracy)နှင့် နိုင်ငံရေးတွင် ဘာသာရေးလွှမ်းမိုးမှု ကင်း

စေသည့်ဝါဒ(secularism)စသည့် နိုင်ငံ၏မူဝါဒများကို အခြေခံထားသော တစ်ပြည်ထောင်စနစ်ကို ကျင့်သုံးသည့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်သမ္မတနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။[9]

၂၆။ နိုင်ငံကို တိုင်းများ(divisions)၊ ခရိုင်များ(Districts)၊ ခရိုင်ခွဲများ(subdistricts)၊ ဒေသန္တရများ(unions- the smallest rural administrative and local government unit in Bangladesh)၊ ကျေးရွာများ(villages)ဖြင့် ဖွဲ့စည်းထားရှိပါသည်။[10]

၂၇။ နိုင်ငံ၏ အကြီးအကဲအဖြစ် နိုင်ငံတော်သမ္မတ၊ အုပ်ချုပ်ရေးဆိုင်ရာအကြီးအကဲအဖြစ် ဝန်ကြီးချုပ်ဦးဆောင်သည့် ဝန်ကြီးများကောင်စီ(the Cabinet)၊ လွှတ်တော်တစ်ရပ်တည်းစနစ်ကို ကျင့်သုံးသည့် ပါလီမန်နှင့် တရားလွှတ်တော်ချုပ်တို့ဖြင့် ဖွဲ့စည်းထားရှိပါသည်။

**နိုင်ငံတော်အာဏာကျင့်သုံးမှု**

၂၈။ နိုင်ငံ၏ အချုပ်အခြာအာဏာကို ပြည်သူများက ပိုင်ဆိုင်ပြီး အဆိုပါအာဏာကို သက်ဆိုင်ရာအာဏာပိုင်များက ပြည်သူများကိုယ်စား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လက်ခံကျင့်သုံးပါသည်။ နိုင်ငံတွင် အုပ်ချုပ်ရေးကဏ္ဍ၊ ဥပဒေပြုရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍဟူ၍ ကဏ္ဍသုံးရပ် ပါရှိပြီး အုပ်ချုပ်ရေးအာဏာကို နိုင်ငံတော်သမ္မတနှင့် ဝန်ကြီးချုပ်ဦးဆောင်သည့် ဝန်ကြီးများအဖွဲ့၊ ဥပဒေပြုရေးအာဏာကို ဥပဒေပြုလွှတ်တော်(ပါလီမန်)နှင့် တရားစီရင်ရေးအာဏာကို တရားလွှတ်တော်ချုပ်နှင့် လက်အောက်ခံတရားရုံးများက အဆင့်ဆင့်ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။

**ဥပဒေပြုရေးအာဏာကျင့်သုံးမှု**

၂၉။ **ပါလီမန်။** နိုင်ငံ၏ဥပဒေပြုရေးအာဏာကို ပါလီမန်က ကျင့်သုံးလျက်ရှိပြီး ပါလီမန်တွင် မဲဆန္ဒနယ်တစ်ခုစီအပေါ်အခြေခံ၍ တိုက်ရိုက်ရွေးကောက်တင်မြှောက်ထားသည့် ကိုယ်စားလှယ် ၃၀၀ ဦးနှင့် အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံး၍ ရွေးကောက်တင်မြှောက်ထားသည့်

[9] Article 1 and 8 of the Constitution of People's Republic of Bangladesh 1972
[10] Bangladesh, Toponymic Fact File, https://assets.publishing.service.gov.uk/media/650462386771b90014fdab66/Bangladesh_Toponymic_Factfile_July_2023_update2.pdf

အမျိုးသမီးကိုယ်စားလှယ် ၅၀ ဦးတို့ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။[11] ရွေးကောက်ပွဲပြီးနောက် ပထမအကြိမ်ကျင်းပသည့် အစည်းအဝေးမှာပင် ပါလီမန်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ကိုယ်စားလှယ်များအနက်မှ ရွေးကောက်တင်မြှောက်ရမည်[12]ဖြစ်ပြီး ပါလီမန်၏ သက်တမ်းသည် ၅ နှစ်ဖြစ်သော်လည်း နိုင်ငံတွင် စစ်မက်ဖြစ်ပွားချိန်၌ ပါလီမန်အက်ဥပဒေအရ တစ်ကြိမ်လျှင်တစ်နှစ်ထက်မပိုသော ကာလကို သက်တမ်းတိုးမြှင့်နိုင်ပြီး စစ်ပွဲပြီးမြောက်ပြီးကာလတွင် ခြောက်လထက်ပို၍ သက်တမ်းတိုးမြှင့်ခြင်း မပြုနိုင်ပါ။[13]

၃၀။ ပါလီမန်ကိုယ်စားလှယ်တစ်ဦးသည် အသက် ၂၅ နှစ်ပြည့်သောဘင်္ဂလားဒေ့ရှ်နိုင်ငံသားတစ်ဦးဖြစ်ရမည်ဖြစ်ပြီး စိတ်ပေါ့သွပ်သူအဖြစ် ကြေညာခြင်းခံရသူ၊ လူမွဲအဖြစ်ကြေညာခြင်းခံရသူ၊ နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏သစ္စာခံ သို့မဟုတ် နိုင်ငံသားလက်မှတ်ရရှိထားသူ သို့မဟုတ် ကိုယ်ကျင့်တရားပျက်ယွင်းမှုအပါအဝင် ပြစ်မှုဆိုင်ရာအမှုများဖြင့် နှစ်နှစ်ထက်မနည်းသော ထောင်ဒဏ်ချမှတ်ခြင်းခံရ၍ ပြစ်ဒဏ်မှလွတ်ကင်းပြီး ငါးနှစ်ကာလကြာမြင့်ခြင်းမရှိသူ၊ ၁၉၇၂ ခုနှစ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အထူးခုံအဖွဲ့အမိန့်အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူ သို့မဟုတ် ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ ရွေးကောက်ပွဲဥပဒေအရသော်လည်းကောင်း အရည်အချင်းပျက်ယွင်းသူ၊ ဥပဒေတစ်ရပ်ရပ်အရ အရည်အချင်းပျက်ယွင်းခြင်းမရှိဟု သတ်မှတ်ထားသည့် ရာထူးများမှတစ်ပါး မည်သည့်လက်ရှိရာထူးကိုမဆို အကြောင်းပြု၍ ရရှိသည့် အကျိုးအမြတ်ခံစားသူ စသည့်အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသူများသည် ပါလီမန်ကိုယ်စားလှယ်အဖြစ် သတ်မှတ် အရည်အချင်းများနှင့် မကိုက်ညီသူများဖြစ်ပါသည်။[14] ပါလီမန်ကိုယ်စားလှယ်တစ်ဦးသည် မဲဆန္ဒနယ်တစ်ခု၏ ကိုယ်စားလှယ်အဖြစ်သာ ဆောင်ရွက်ခွင့်ရှိပြီး နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော မဲဆန္ဒနယ်များ၏ ကိုယ်စားလှယ်အဖြစ် ရပ်တည်ဆောင်ရွက်ခွင့်မရှိပါ။[15]

၃၁။ ပါလီမန်အစည်းအဝေးများကို အနည်းဆုံးကိုယ်စားလှယ် ၆၀ ဦး တက်ရောက်ရမည်ဖြစ်ပြီး ၆၀ ဦးအောက်လျော့နည်းစွာ တက်ရောက်ပါက အစည်းအဝေးအား ရွှေ့ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်းကို ပါလီမန်ဥက္ကဋ္ဌ(သဘာပတိ)က ဆောင်ရွက်နိုင်သည်။ ပါလီမန်တွင်

---

[11] Article 65 of the Constitution of People's Republic of Bangladesh 1972 amendment with 2018 17th Amendment)

[12] Article 74 of the Constitution of People's Republic of Bangladesh 1972

[13] Article 72 of the Constitution of People's Republic of Bangladesh 1972

[14] Article 66 of the Constitution of People's Republic of Bangladesh 1972

[15] Article 71 of the Constitution of People's Republic of Bangladesh 1972

တင်ပြထားသော အဆိုပြုချက်များအား အဆုံးအဖြတ်ပေးခြင်းကို တက်ရောက်သည့် ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်။ ပါလီမန်ဥက္ကဋ္ဌသည် သာမန်အားဖြင့် မဲပေးခွင့်မရှိဘဲ ဆန္ဒမဲတူညီသည့်ကိစ္စရပ်များတွင်သာ အဆုံးအဖြတ်မဲ(Casting Vote) ပေးရမည်ဖြစ်ပါသည်။[16]

၃၂။ နိုင်ငံတော်သမ္မတသည် ပါလီမန်ကို ဆင့်ခေါ်ခြင်း၊ ရပ်စဲခြင်းနှင့် ဖျက်သိမ်းခြင်းများကို ဆောင်ရွက်နိုင်[17] သကဲ့သို့ ပါလီမန်အစည်းအဝေးများတွင် အမှာစကားပြောကြားခြင်း၊ သဝဏ်လွှာများ ပေးပို့ဖတ်ကြားစေခြင်းများကို ဆောင်ရွက်နိုင်ပါသည်။ သို့သော်လည်း ရွေးကောက်ပွဲကျင်းပပြီးနောက် ပထမအကြိမ်ကျင်းပသည့် ပါလီမန်အစည်းအဝေးနှင့် ပြက္ခဒိန်နှစ်တစ်နှစ်၏ ပထမအကြိမ်ကျင်းပသည့်ပါလီမန်အစည်းအဝေးများတွင် နိုင်ငံတော်သမ္မတသည် မိန့်ခွန်းပြောကြားရမည်ဖြစ်ပါသည်။[18]

## ဥပဒေပြုခြင်းလုပ်ငန်းစဉ်

၃၃။ ပါလီမန်တွင် ဥပဒေများပြဋ္ဌာန်းရန်တင်သွင်းသည့် အဆိုများအားလုံးကို ဥပဒေကြမ်းအဖြစ်တင်သွင်းရမည်ဖြစ်ပြီး ပါလီမန်မှအတည်ပြုထားသောဥပဒေကြမ်းကို သဘောတူအတည်ပြုချက်(assent)ရရှိရန်အလို့ငှာ နိုင်ငံတော်သမ္မတထံသို့ ပေးပို့တင်ပြရမည်ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတသည် ဥပဒေကြမ်းကို လက်ခံရရှိပြီးနောက် ၁၅ ရက်အတွင်း သဘောတူအတည်ပြုချက်ကို ပါလီမန်သို့ ပြန်လည်ပေးပို့ရမည် ဖြစ်သည်။ ငွေကြေးဆိုင်ရာဥပဒေကြမ်း (Money Bill)မှတစ်ပါး အခြားဥပဒေကြမ်းများ သို့မဟုတ် ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်အချို့နှင့် နိုင်ငံတော်သမ္မတမှ ပြင်ဆင်လိုသည့်အချက်များကို ပြန်လည်ဆွေးနွေးရန် မှတ်ချက်ပြု၍ ပါလီမန်သို့ ပြန်ကြားနိုင်ပါသည်။ ထိုသို့ ဆောင်ရွက်ရန် ပျက်ကွက်ပါက အဆိုပါဥပဒေကြမ်းကို သတ်မှတ်ကာလကုန်ဆုံးသည့်အချိန်မှစ၍ နိုင်ငံတော်သမ္မတ၏ သဘောတူအတည်ပြုချက် ရရှိဘိသကဲ့သို့ မှတ်ယူရပါမည်။[19]

---

[16] Article 75 of the Constitution of People's Republic of Bangladesh 1972
[17] Article 72 of the Constitution of People's Republic of Bangladesh 1972
[18] Article 73 of the Constitution of People's Republic of Bangladesh 1972
[19] Article 80 of the Constitution of People's Republic of Bangladesh 1972 amendment with 2011 (15$^{th}$ Amendment)

၃၄။ နိုင်ငံတော်သမ္မတမှ မှတ်ချက်ပြု၍ ပေးပို့သည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်များဖြင့်ဖြစ်စေ၊ ပြင်ဆင်ချက်များမပါရှိဘဲဖြစ်စေ ပါလီမန်မှ အတည်ပြုဆုံးဖြတ်ပြီးနောက် သဘောတူအတည်ပြုချက်ရရှိရန်အလို့ငှာ နိုင်ငံတော်သမ္မတထံသို့ပြန်လည်ပေးပို့ရမည်ဖြစ်ပြီး နိုင်ငံတော်သမ္မတသည် လက်ခံရရှိပြီးနောက် ၇ ရက်အတွင်း အတည်ပြုပေးရမည်ဖြစ်သည်။ အတည်ပြုရန်ပျက်ကွက်ပါက အဆိုပါဥပဒေကြမ်းကို သတ်မှတ်ကာလကုန်ဆုံးသည့် အချိန်မှစ၍ နိုင်ငံတော်သမ္မတ၏ သဘောတူအတည်ပြုချက်ရရှိဘိသကဲ့သို့ မှတ်ယူရပါမည်။[20] ငွေကြေးဆိုင်ရာဥပဒေကြမ်း သို့မဟုတ် အများပြည်သူဆိုင်ရာ ငွေကြေးသုံးစွဲမှုနှင့်စပ်လျဉ်းသောဥပဒေကြမ်းများကို နိုင်ငံတော်သမ္မတ၏ အတည်ပြုချက်ရရှိမှသာ စတင်ဆောင်ရွက်နိုင်ပါသည်။[21]

**အုပ်ချုပ်ရေးအာဏာကျင့်သုံးမှု**

၃၅။ **နိုင်ငံတော်သမ္မတ။** ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နိုင်ငံတော်သမ္မတသည် နိုင်ငံ၏အကြီးအကဲ[22] ဖြစ်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်လည်းဖြစ်ပါသည်။[23] နိုင်ငံတော်သမ္မတ၏ရာထူးသက်တမ်းသည် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ငါးနှစ်ဖြစ်ပြီး သမ္မတသက်တမ်းနှစ်ကြိမ်ထက်ပို၍ တာဝန်ထမ်းဆောင်ခြင်း မပြုရပါ။ နိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်မည့်သူတစ်ဦးသည် အသက် ၃၅ နှစ်ပြည့်ရမည်ဖြစ်ပြီး အသက်ကန့်သတ်ချက်မှအပပါလီမန်ကိုယ်စားလှယ်တစ်ဦး၏ အရည်အချင်းသတ်မှတ်ချက်များနှင့်ညီညွတ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စွပ်စွဲပြစ်တင်ခြင်းခံရပြီး နိုင်ငံတော်သမ္မတရာထူးမှ ဖယ်ရှားခံရမှုမရှိခြင်းစသည့်အချက်များနှင့်ပြည့်စုံရမည်ဖြစ်ပါသည်။[24]

၃၆။ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများက ပေးအပ်ထားသည့်လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် တာဝန်ရှိပြီး ဝန်ကြီးချုပ်နှင့် တရားသူကြီးချုပ်အပြင်ရှေ့နေချုပ်(Attorney-General)၊ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စာရင်းကိုင်ချုပ်နှင့်စာရင်းစစ်ချုပ် (the Comptroller and Auditor General)ကိုလည်း ခန့်အပ်ရပါသည်။ ထို့ပြင်လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ ပြစ်ဒဏ်ကျခံရသူများကို ပြစ်ဒဏ်လျှော့ပေါ့ပေးခြင်း၊ ရွှေ့ဆိုင်း

---

[20] Article 80 of the Constitution of People's Republic of Bangladesh 1972 amendment with 2011 (15th Amendment)

[21] Article 82 of the Constitution of People's Republic of Bangladesh 1972

[22] Article 48(2) of the Constitution of People's Republic of Bangladesh 1972

[23] Article 61 of the Constitution of People's Republic of Bangladesh 1972 amendment with 2011 (15th Amendment)

[24] Article 48(4) of the Constitution of People's Republic of Bangladesh 1972

ခြင်းနှင့် ကင်းလွတ်ခွင့်ပေးခြင်း၊ တရားရုံး၊ ခုံအဖွဲ့ သို့မဟုတ် အခြားအာဏာပိုင်တစ်ရပ်ရပ်က ချမှတ်ထားသောပြစ်ဒဏ်များကို ရပ်ဆိုင်းခြင်းနှင့် ပြစ်ဒဏ်လျှော့ပေါ့ပေးခြင်းစသည်တို့ကို ဆောင်ရွက်နိုင်ပါသည်။[25]

၃၇။ ပါလီမန်ကို ဖျက်သိမ်းခံရသည့်ကာလ သို့မဟုတ် အစည်းအဝေးမကျင်းပမီကာလ၌ နိုင်ငံတော်သမ္မတသည် ဥပဒေကဲ့သို့အာဏာတည်သော အမိန့်တစ်ရပ်ကို ထုတ်ပြန်ရန် လိုအပ်သည့်အခြေအနေဟု ယူဆပါက ဥပဒေကဲ့သို့အာဏာတည်သော အမိန့်တစ်ရပ်ကို ထုတ်ပြန်ကြေညာနိုင်ပါသည်။[26] ထို့ပြင် နိုင်ငံတော်သမ္မတသည် သဘောသဘာဝအရဖြစ်စေ၊ အများပြည်သူ့ဆိုင်ရာအရေးပါသည့်ကိစ္စ၌ဖြစ်စေ ဥပဒေကြောင်းခြင်းရာပြဿနာများပေါ်ပေါက်လျှင် သို့မဟုတ် ပေါ်ပေါက်ရန်အကြောင်းရှိလျှင် တရားလွှတ်တော်ချုပ်၏ သဘောထားမှတ်ချက်ရယူရန်လိုအပ်သည်ဟု ထင်မြင်ယူဆပါက အဆိုပါကိစ္စရပ်အား တရားလွှတ်တော်ချုပ်၏ အယူခံတရားရုံးသို့ လွှဲအပ်နိုင်ပါသည်။

၃၈။ **ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့။** ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဝန်ကြီးချုပ်ဦးဆောင်သည့် အစိုးရအဖွဲ့သည် နိုင်ငံ၏အုပ်ချုပ်ရေးအာဏာများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင့်သုံးလျက်ရှိပါသည်။[27] နိုင်ငံတော်သမ္မတသည် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့တွင် ပါဝင်သော ဝန်ကြီးများကို ခန့်အပ်တာဝန်ပေးပြီး ဝန်ကြီးချုပ်ကိုခန့်အပ်ရာ၌ ပါလီမန်ကိုယ်စားလှယ်များ၏များရာဆန္ဒမဲဖြင့်ထောက်ခံထားသော ကိုယ်စားလှယ်တစ်ဦးကို ရွေးချယ်ခန့်အပ်ခြင်းဖြစ်ပါသည်။ အစိုးရအဖွဲ့တွင် ပါဝင်သည့်ဝန်ကြီးများ၏ ၉၀ ရာခိုင်နှုန်းကို ပါလီမန်ကိုယ်စားလှယ်များထဲမှ ရွေးချယ်၍ ကျန်သည့်အပိုင်းကို ပါလီမန်ကိုယ်စားလှယ်များ၏ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသူများအနက်မှ ရွေးချယ်ခန့်အပ်ပါသည်။[28] အစိုးရအဖွဲ့သည် ပါလီမန်ကို စုပေါင်းတာဝန်ခံရမည်ဖြစ်ပြီး အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို အကောင်အထည်ဆောင်ရွက်ရာ၌ နိုင်ငံတော်သမ္မတ၏ အမည်ဖြင့်သာ ဖော်ပြဆောင်ရွက်ရပါသည်။[29] ဝန်ကြီးများသည် ပါလီမန်အစည်းအဝေးများသို့ တက်ရောက်၍ ဆွေးနွေးပြောကြားခြင်းများကို ဆောင်ရွက်ခွင့်ရှိသော်လည်း ဆန္ဒမဲပေးခွင့်မရှိပါ။ ပါလီမန်ကိုယ်စားလှယ်မဟုတ်သော ဝန်ကြီးများသည်လည်း ပါလီမန်

[25] Article 49 of the Constitution of People's Republic of Bangladesh 1972
[26] Article 93 of the Constitution of People's Republic of Bangladesh 1972
[27] Article 55(1), (2)of the Constitution of People's Republic of Bangladesh 1972
[28] Article 56 of the Constitution of People's Republic of Bangladesh 1972
[29] Article 55(3), (4)of the Constitution of People's Republic of Bangladesh 1972

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိပြီး ၎င်းတို့၏ဝန်ကြီးဌာနနှင့်စပ်ဆိုင်သည့် အကြောင်းအရာများမှအပ အခြားအကြောင်းအရာများကို တင်ပြဆွေးနွေးနိုင်[30]ကြောင်း ပြဋ္ဌာန်းထားသည့်အတွက် **ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လွှတ်တော်တစ်ရပ်တည်း(ဆိုရှယ်လစ်နိုင်ငံများတွင် တွေ့ရလေ့ရှိသော) unicameral ကို အသုံးပြုထားပြီး Westminster Model ဖြစ်သော အစိုးရအဖွဲ့က ပါလီမန်အား တာဝန်ခံရမှုကို ကျင့်သုံးလျက်ရှိပါသည်။**

## တရားစီရင်ရေးအာဏာကျင့်သုံးမှု

၃၉။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ တရားစီရင်ရေးဆိုင်ရာအဖွဲ့အစည်းများသည် အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများမှ သီးခြားလွတ်လပ်မှုရှိရန် အာမခံပေးထားကြောင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂ တွင် အတိအလင်းထည့်သွင်းဖော်ပြထားပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ တရားစီရင်ရေးအာဏာကို တရားလွှတ်တော်ချုပ်(the Supreme Court)၊ လက်အောက်ခံတရားရုံးများ(the Subordinate Courts)နှင့် အထူးတရားရုံးများ(Specialized Courts)က ကျင့်သုံးလျက်ရှိပါသည်။

၄၀။ **တရားလွှတ်တော်ချုပ်(the Supreme Court)။** တရားလွှတ်တော်ချုပ်ကို အယူခံတရားရုံးဌာန(the Appellate Division)နှင့် တရားလွှတ်တော်ဌာန(the High Court Division) တို့ဖြင့် ဖွဲ့စည်းထားပါသည်။ တရားလွှတ်တော်ချုပ်တွင် နိုင်ငံတော်သမ္မတမှ ခန့်အပ်သော တရားသူကြီးချုပ်တစ်ဦးနှင့် အယူခံတရားရုံးဌာနနှင့် တရားလွှတ်တော်ဌာနတို့မှ တရားသူကြီးများပါဝင်ပါသည်။ အယူခံတရားရုံးဌာနနှင့် တရားလွှတ်တော်ဌာန တရားသူကြီးများကို ရွေးချယ်ခန့်အပ်ရာ၌ နိုင်ငံတော်သမ္မတသည် တရားသူကြီးချုပ်နှင့် ညှိနှိုင်းဆွေးနွေး၍ ခန့်အပ်တာဝန်ပေးပါသည်။ တရားသူကြီးချုပ်သည် အယူခံတရားရုံးဌာနမှ စီရင်ပိုင်ခွင့်ရှိသော အမှုများကို တရားလွှတ်တော်ချုပ်ရှိ အယူခံတရားရုံးတရားသူကြီးများဖြင့်လည်းကောင်း၊ တရားလွှတ်တော်ဌာနမှ စီရင်ပိုင်ခွင့်ရှိသောအမှုများကို တရားလွှတ်တော်ချုပ်ရှိ တရားလွှတ်တော်ဌာနမှ တရားသူကြီးများဖြင့်လည်းကောင်း ရုံးထိုင်စစ်ဆေးပါသည်။ တရားသူကြီးချုပ်နှင့် တရားသူကြီးများသည် တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရာ၌ ဖွဲ့စည်းပုံ

[30] Article 73 of the Constitution of People's Republic of Bangladesh 1972 amendment with 1975 (4th Amendment)

အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိပြီး[31] ၎င်းတို့သည် အသက် ၆၇ နှစ် ပြည့်သည်အထိ တာဝန်ထမ်းဆောင်ခွင့် ရှိပါသည်။[32]

၄၁။ တရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးသည် ဘင်္ဂလားဒေ့ရှ် နိုင်ငံသားဖြစ်ရမည် ဖြစ်ပြီး တရားလွှတ်တော်ချုပ်ရှေ့နေအဖြစ် ၁၀ နှစ်ထက်မနည်းဆောင်ရွက်ခဲ့သူ၊ နိုင်ငံ၏ တရားရေးဌာနတွင် ၁၀ နှစ်ထက်မနည်းတာဝန်ထမ်းဆောင်ခဲ့သူ၊ တရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ် ခန့်အပ်ရန်အတွက် သတ်မှတ်အရည်အချင်းများနှင့် ပြည့်မီသူစသည့် သတ်မှတ်ချက်များနှင့် ပြည့်စုံရမည်ဖြစ်ပါသည်။[33]

၄၂။ တရားလွှတ်တော်ချုပ်၏ ရုံးစိုက်ရာဒေသသည် နိုင်ငံ၏မြို့တော်ဖြစ်သော ဒါကာတွင် ဖြစ်သော်လည်း နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့် တရားသူကြီးချုပ်၏ အခါအား လျော်စွာ တာဝန်ပေးအပ်မှုများအရ တရားလွှတ်တော်ဌာနသည် မြို့တော်၏ ပြင်ပတွင် ရုံးထိုင်၍ ကြားနာစစ်ဆေးရပါသည်။[34] တရားလွှတ်တော်ချုပ်သည် တရားလွှတ်တော်ချုပ်ရှိ အယူခံတရားရုံးဌာနနှင့် တရားလွှတ်တော်ဌာန၊ လက်အောက်ခံတရားရုံးများ၏ လက်တွေ့ ကျင့်သုံးမှုများနှင့် လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းသတ်မှတ်နိုင်ရေးအတွက် နည်းဥပဒေများ ကို နိုင်ငံတော်သမ္မတ၏သဘောတူညီချက်ဖြင့် ပါလီမန်က ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းဥပဒေ များနှင့်အညီ ထုတ်ပြန်ပြဋ္ဌာန်းခွင့်ရှိသည်။ တရားသူကြီးချုပ်သည် တရားလွှတ်တော်ချုပ်တွင် တရားခွင်ဖြင့် စစ်ဆေးရာ၌ မည်သည့်အမှုတွင် မည်သည့်အကြောင်းကြောင့် မည်သည့် တရားသူကြီးများဖြင့် ကြားနာစစ်ဆေးရမည်ကို ထုတ်ပြန်ထားသည့် နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရပြီး တရားသူကြီးချုပ်သည် အဆိုပါလုပ်ပိုင်ခွင့်ကို တရားလွှတ်တော်ချုပ်ရှိ အယူခံတရားရုံးဌာနတရားသူကြီးများအနက်မှဖြစ်စေ၊ တရားလွှတ်တော်ဌာနတရားသူကြီးများ အနက်မှဖြစ်စေ သက်တမ်းအရင့်ဆုံး(ဝါအရင့်ဆုံး)တရားသူကြီးတစ်ဦးထံသို့ အဆိုပါလုပ်ပိုင် ခွင့်ကို ပေးအပ်နိုင်ပါသည်။[35]

၄၃။ တရားလွှတ်တော်ချုပ် အယူခံတရားရုံးဌာနမှ ချမှတ်သည့် ဆုံးဖြတ်ချက်များသည် တရားလွှတ်တော်ဌာနအပေါ် စည်းနှောင်မှုရှိပြီး၊ တရားလွှတ်တော်ချုပ် တရားလွှတ်တော်

[31] Article 94 and 95 of the Constitution of People's Republic of Bangladesh 1972
[32] Article 96 of the Constitution of People's Republic of Bangladesh 1972
[33] Article 95 of the Constitution of People's Republic of Bangladesh 1972
[34] Article 100 of the Constitution of People's Republic of Bangladesh 1972
[35] Article 107 of the Constitution of People's Republic of Bangladesh 1972

ဌာန၏ဆုံးဖြတ်ချက်များသည် လက်အောက်ခံတရားရုံးများအားလုံးသို့ စည်းနှောင်မှုရှိပါသည်။[36] အာဏာပိုင်အဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအဖွဲ့အစည်းအားလုံးသည်လည်း အယူခံတရားရုံးဌာနနှင့် တရားလွှတ်တော်ဌာနပါဝင်သည့် တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်များအတိုင်း ဆောင်ရွက်ရမည် ဖြစ်ပါသည်။[37] ယင်းမူသဘောတရားသည် Common Law Legal System ၏မူသဘောဖြစ်သည့် *Stare Decisis* မူကို ကျင့်သုံးကြောင်း တွေ့ ရှိရပါသည်။

၄၄။ **တရားလွှတ်တော်ချုပ်အယူခံတရားရုံးဌာန(the Appellate Division of the Supreme Court)**။ တရားလွှတ်တော်ချုပ် အယူခံတရားရုံးဌာနသည် တရားလွှတ်တော်ဌာနက ချမှတ်ခဲ့သည့် စီရင်ချက်များ၊ အမိန့်များ၊ ဒီကရီများ သို့မဟုတ် ပြစ်ဒဏ်များအပေါ် အယူခံဝင်ခြင်းအား ကြားနာစစ်ဆေးခွင့်ရှိပါသည်။[38] ထို့ပြင် အမှုတစ်ခု၌ ဖွဲ့စည်းပုံအခြေခံဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့်စပ်လျဉ်း၍ အရေးပါသော ဥပဒေကြောင်းခြင်းရာပြဿနာများပေါ်ပေါက်လျှင်ဖြစ်စေ၊ တစ်သက်တစ်ကျွန်းဒဏ် သို့မဟုတ် သေဒဏ်ကို အတည်ပြုရန်ဖြစ်စေ၊ တရားလွှတ်တော်ချုပ်၏ တရားလွှတ်တော်ဌာနအား မထေမဲ့မြင်ပြုမှုအတွက် ပြစ်ဒဏ်သတ်မှတ်ရန်ဖြစ်စေ တရားလွှတ်တော်ချုပ်တရားလွှတ်တော်ဌာနမှ တင်သွင်းသောကိစ္စရပ်များကိုလည်း တရားလွှတ်တော်ချုပ်အယူခံတရားရုံးဌာနတွင် ကြားနာဆုံးဖြတ်ခွင့်ရှိပါသည်။ အဆိုပါကိစ္စရပ်များနှင့်စပ်ဆိုင်ခြင်း မရှိသောကိစ္စရပ်များကိုမူ တရားလွှတ်တော်ချုပ်အယူခံတရားရုံးဌာန၏ ခွင့်ပြုချက်အရသာ အယူခံဝင်ရောက်နိုင် ပါသည်။[39]

၄၅။ အမှုတစ်ခုတွင် ပါဝင်ပတ်သက်သည့် စာရွက်စာတမ်းများ ရရှိနိုင်ရေး သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် တက်ရောက်နိုင်ရေး သို့မဟုတ် သက်သေခံချက်တစ်စုံတစ်ရာ ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိသော ပြီးပြတ်မှုမရှိဘဲ ဆိုင်းငံ့ထားသည့် အမှုတစ်ခုခု သို့မဟုတ် ကိစ္စရပ်တစ်ခုခုကို အပြီးသတ်အမိန့်ချမှတ်နိုင်ရေးအတွက် လိုအပ်ပါက အယူခံတရားရုံးဌာနသည် ညွှန်ကြားချက်များ၊ အမိန့်များ၊ ဒီကရီများ သို့မဟုတ် စာချွန်တော် အမိန့်များကို ထုတ်ဆင့်ပိုင်ခွင့်ရှိပါသည်။[40]

---

[36] Article 111 of the Constitution of People’s Republic of Bangladesh 1972
[37] Article 112 of the Constitution of People’s Republic of Bangladesh 1972
[38] Article 105 of the Constitution of People’s Republic of Bangladesh 1972
[39] Article 103 of the Constitution of People’s Republic of Bangladesh 1972
[40] Article 104 of the Constitution of People’s Republic of Bangladesh 1972

၄၆။ ထို့ပြင် အများပြည်သူဆိုင်ရာကိစ္စရပ်များ၌ ဥပဒေအကြောင်းခြင်းရာပြဿနာများ ပေါ်ပေါက်သည့်အခါ၌ နိုင်ငံတော်သမ္မတက တရားလွှတ်တော်ချုပ်၏ သဘောထားမှတ်ချက် ရရှိရန်အလို့ငှာ လွှဲအပ်သည့်ကိစ္စရပ်များအပေါ် သဘောထားမှတ်ချက်များ ပေးပို့ရသည်ကို တွေ့ရှိရပါသည်။[41]

၄၇။ သို့ပါ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တရားလွှတ်တော်ချုပ်၏ အယူခံတရားရုံးဌာနသည် အယူခံမှုများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအား အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းကိစ္စများ၊ သေဒဏ် အတည်ပြုခြင်းကိစ္စများ၊ တရားရုံးမထေမဲ့မြင်ပြုခြင်း စသည့်အကြောင်းခြင်းရာများနှင့်စပ် လျဉ်း၍ တရားလွှတ်တော်ချုပ် တရားလွှတ်တော်ဌာနမှ တင်သွင်းလာသည့်အခါ၌ စစ်ဆေး စီရင်ပိုင်ခွင့်ရှိကြောင်းတွေ့ရှိရသည့်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တရားလွှတ်တော်ချုပ်၏ အယူခံတရားရုံးဌာနတွင် Judicials Review Jurisdiction ဟူသော တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ပေးစေလိုမှု စီရင်ပိုင်ခွင့်အာဏာရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ထို့ပြင် အယူခံတရားရုံးဌာနသည် အကြောင်းအမျိုးမျိုးကြောင့် ဆိုင်းငံ့ထားရသည့် တရားစီရင်ရေး ဆိုင်ရာကိစ္စရပ်များအား အပြီးသတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် အမိန့်၊ ဒီကရီ သို့မဟုတ် စာချွန်တော်အမိန့်များ ထုတ်ဆင့်နိုင်သကဲ့သို့ နိုင်ငံတော်သမ္မတက လွှဲအပ်သည့် အများပြည်သူဆိုင်ရာကိစ္စရပ်များ၌လည်း ဥပဒေကြောင်းအရာအရ သဘောထားမှတ်ချက်များ ပေးပို့နိုင်ကြောင်းကို တွေ့ရှိရပါသည်။

၄၈။ **တရားလွှတ်တော်ချုပ်တရားလွှတ်တော်ဌာန (the High Court Division of the Supreme Court)။** တရားလွှတ်တော်ချုပ်ရှိတရားလွှတ်တော်ဌာန၏ စီရင်ပိုင်ခွင့်များတွင် မူလစီရင်ပိုင်ခွင့်(Original Jurisdiction)၊ လက်အောက်ခံတရားရုံးများမှ တင်ပြလာသည့် အယူခံမှုနှင့် အခြားစီရင်ပိုင်ခွင့်များ(Appellate and Other Jurisdictions)၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် အခြားဥပဒေများက အပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက် ခွင့်ရှိပြီး[42] လက်အောက်ခံတရားရုံးများနှင့် ခုံအဖွဲ့များ(Subordinate Courts and Tribunals) အပေါ် ကြီးကြပ်ကွပ်ကဲပိုင်ခွင့်လည်း ရှိပါသည်။[43]

---

[41] Article 106 of the Constitution of People's Republic of Bangladesh 1972

[42] Article 101 of the Constitution of People's Republic of Bangladesh 1972

[43] Article 10၉ of the Constitution of People's Republic of Bangladesh 1972


၄၉။ အထူးမူလစီရင်ပိုင်ခွင့်များ (Special Original Jurisdiction) အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုင်း ၃ တွင် အာမခံပေးထားသည့် နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများကို အတည်ပြုသတ်မှတ်ပေးရန် အခွင့်အာဏာရှိပြီး ရှေ့တော်သွင်းစာချွန်တော်(Writ of Hebeas Corpus)၊ အာဏာပေး စာချွန်တော်(Writ of Mandamus)၊ တားမြစ်စေစာချွန်တော်(Writ of Prohibiton)၊ အာဏာပိုင်မေးစာချွန်တော်(Writ of Quo Warranto)၊ အမှုခေါ်စာချွန်တော် (Writ of Certiorari)စသည့် စာချွန်တော်အမိန့်များနှင့်စပ်လျဉ်းသည့် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ဆင့်ပိုင်ခွင့်ရှိပါသည်။[44] ထို့ပြင် သီးခြားစီရင်ပိုင်ခွင့်များ(Special and Statutory original jurisdiction)၊ အယူခံမှုဆိုင်ရာစီရင်ပိုင်ခွင့်များ(Appellate Jurisdiction)၊ ပြန်လည်သုံးသပ်ပေးစေလိုမှုဆိုင်ရာစီရင်ပိုင်ခွင့်များ(Revisional Jurisdiction)၊ ပင်လယ်ရေကြောင်းဆိုင်ရာစီရင်ပိုင်ခွင့်များ(admiralty Juris diction)နှင့် အထွေထွေစီရင်ပိုင်ခွင့်များ (miscellaneous Jurisdiction)ကိုလည်း ပြဋ္ဌာန်းဥပဒေများနှင့်အညီ ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။[45]

၅၀။ သို့ပါ၍ တရားလွှတ်တော်ချုပ်၏ တရားလွှတ်တော်ဌာနသည် အောက်တရားရုံးများမှ တင်ပြလာသည့် အယူခံမှုများ၊ ပြင်ဆင်မှုများကို စီရင်ဆုံးဖြတ်နိုင်သကဲ့သို့ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ သီးခြားစီရင်ပိုင်ခွင့်များရှိသည့်အပြင် စာချွန်တော်အမိန့်များ ထုတ်ဆင့်ခြင်း၊ နိုင်ငံသားများ၏အခွင့်အရေးများနှင့်စပ်လျဉ်း၍ စီရင်ဆုံးဖြတ်ခြင်း စသည့်တို့ကို ဆောင်ရွက်ခွင့်ရှိသည့်အတွက် Constitutional Review Jurisdiction ကို တရားလွှတ်တော်ချုပ်၏ တရားလွှတ်တော်ဌာနသို့ ပေးအပ်ထားပါကြောင်း တွေ့ရှိရပါသည်။

၅၁။ **လက်အောက်ခံတရားရုံးများ**။ တရားလွှတ်တော်၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင်ရှိသော တရားရုံးများတွင် တရားမမှုဆိုင်ရာစီရင်ပိုင်ခွင့်၊ ပြစ်မှုဆိုင်ရာစီရင်ပိုင်ခွင့်နှင့် အထူးစီရင်ပိုင်ခွင့်များဟူ၍ စီရင်ပိုင်ခွင့်များအလိုက် တရားရုံးများကို ခွဲခြားတည်ထောင်ထားပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ တရားရုံးတည်ထောင်ဖွဲ့စည်းထားမှု အဆင့်ဆင့်ကို အောက်ဖော်ပြပါဇယားဖြင့် တင်ပြအပ်ပါသည်-

[44] Article 102 of the Constitution of People's Republic of Bangladesh 1972
[45] Admiralty Court Act 1997

## ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံ တရားရုံးဖွဲ့စည်းပုံအဆင့်ဆင့်



**နိုင်ငံသားများ၏ အခွင့်အရေးများ**

၅၂။ နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေ "အပိုင်း ၃ အခြေခံအခွင့်အရေးများ" တွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများနှင့်စပ်လျဉ်းသော ပြဋ္ဌာန်းချက်များကို အပိုဒ် ၂၆ မှ အပိုဒ် ၄၇ အထိ အပိုဒ်ပေါင်း ၂၃ ခုဖြင့် ခွဲခြားဖော်ပြထားပါသည်။ အဆိုပါအခွင့်အရေးများ ရရှိခံစားရေးနှင့် အကျိုးသက်ရောက်မှုရှိစေရေးကိုလည်း နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံပေးထားသည်ကို တွေ့ရှိရပါသည်။

၅၃။ **အခြေခံအခွင့်အရေးများ။** နိုင်ငံသားများသည် ဥပဒေအရ တန်းတူညီမျှမှုရှိခွင့်[46]၊ အကာအကွယ်ရယူခွင့်[47]၊ အသက်ရှင်သန်ခွင့်နှင့် လူပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်ခွင့်[48]၊ ဥပဒေနှင့် မညီသောဖမ်းဆီးခြင်းမှ ကာကွယ်ပိုင်ခွင့်[49]၊ အာဏာကို အလွဲသုံး၍ အကျဉ်းချခံရခြင်း၊ ဖမ်းဆီး ခံရခြင်းမှကာကွယ်ပိုင်ခွင့်[50]၊ လူမျိုး၊ နိုင်ငံသား၊ တိုင်းရင်းသားမျိုးနွယ်စု၊ အသားအရောင်၊ ကိုးကွယ်သည့်ဘာသာ၊ ကျား/မ၊ အသက်အရွယ်၊ စိတ်ပိုင်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာမသန်စွမ်းမှု တို့အား ခွဲခြားဆက်ဆံခြင်းမပြုဘဲ တန်းတူညီမျှမှုရရှိခွင့်[51]၊ အလုပ်လုပ်ရာတွင် တူညီသော အခွင့်အလမ်းများရရှိခံစားခွင့်[52]၊ လွတ်လပ်စွာ အသက်မွေးဝမ်းကျောင်းပြုခွင့်[53]၊ ယုံကြည် ကိုးကွယ်ခွင့်[54]၊ တွေးခေါ်ခွင့်၊ ထင်မြင်ယူဆခွင့်၊ ပြောဆိုခွင့်[55]၊ ဆန္ဒဖော်ထုတ်ခွင့်[56]၊ ငြိမ်းချမ်းစွာ စုဝေးခွင့်[57]နှင့် အသင်းအဖွဲ့များဖွဲ့စည်းခွင့်[58]၊ ပစ္စည်းပိုင်ဆိုင်ခွင့်[59]၊ နေအိမ်ဥပစာနှင့် ဆက်သွယ် ရေးဆိုင်ရာလုံခြုံမှုများရရှိခွင့်[60]များကို ဥပဒေနှင့်အညီ ခံစားခွင့်ရှိပါသည်။ ထို့ပြင် နိုင်ငံ့တာဝန် ထမ်းဆောင်ခြင်းကြောင့်ဖြစ်စေ၊ အမျိုးသားရေးဆိုင်ရာလွတ်မြောက်ရေးအတွက် ကြိုးပမ်း

[46] Article 27 of the Constitution of People's Republic of Bangladesh 1972
[47] Article 31 of the Constitution of People's Republic of Bangladesh 1972
[48] Article 32 of the Constitution of People's Republic of Bangladesh 1972
[49] Article 33 of the Constitution of People's Republic of Bangladesh 1972
[50] Article 35 of the Constitution of People's Republic of Bangladesh 1972
[51] Article 28 of the Constitution of People's Republic of Bangladesh 1972
[52] Article 29 of the Constitution of People's Republic of Bangladesh 1972
[53] Article 40 of the Constitution of People's Republic of Bangladesh 1972
[54] Article 41 of the Constitution of People's Republic of Bangladesh 1972
[55] Article 39 of the Constitution of People's Republic of Bangladesh 1972
[56] Article 36 of the Constitution of People's Republic of Bangladesh 1972
[57] Article 37 of the Constitution of People's Republic of Bangladesh 1972
[58] Article 38 of the Constitution of People's Republic of Bangladesh 1972
[59] Article 42 of the Constitution of People's Republic of Bangladesh 1972
[60] Article 43 of the Constitution of People's Republic of Bangladesh 1972

ဆောင်ရွက်မှုများ သို့မဟုတ် ရပ်ရွာအေးချမ်းတည်ငြိမ်ရေးနှင့်စပ်လျဉ်းသော လုပ်ဆောင်ချက်တစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းကြောင့်ဖြစ်စေ ပြစ်ဒဏ်ကျခံရခြင်း၊ အပြစ်ပေးခံရမှုများကြောင့် အနာတရဖြစ်ခြင်း၊ ထိခိုက်ဆုံးရှုံးနစ်နာခြင်းများကို ခံစားရသည့်နိုင်ငံသားများသည်လည်း လျော်ကြေးငွေရရှိခွင့်ကို ဥပဒေနှင့်အညီ ခံစားခွင့်ရှိပါသည်။[61]

၅၄။ နိုင်ငံသားများသည် အခြေခံအခွင့်အရေးများကို ဥပဒေနှင့်အညီ ခံစားခွင့်ရှိသော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသမ္မတ၏ သဘောတူညီချက်မပါရှိဘဲ ပြည်ပနိုင်ငံများမှ အပ်နှင်းသည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ တံဆိပ်များ၊ ဆုများ သို့မဟုတ် ဘွဲ့တံဆိပ်များ လက်ခံခြင်း[62]နှင့် အဓမ္မစေခိုင်းခြင်း[63] (forced labor)များကို ဖွဲ့စည်းပုံအခြေခံဥပဒေက တားမြစ်ထားပါသည်။

၅၅။ **နိုင်ငံသားဖြစ်ခွင့်။** ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မွေးဖွားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတစ်ဦးသည် ပြည်ပနိုင်ငံတစ်ခုခု၏နိုင်ငံသားဖြစ်ခွင့်ကို ရရှိခဲ့ပါက ဘင်္ဂလားဒေ့ရှ်နိုင်ငံသားအဖြစ်ကို ရရှိရန်အတွက် ပြည်ပနိုင်ငံသားဖြစ်ခွင့်ကို လက်လွှတ်ဆုံးရှုံးခံရမည်ဖြစ်ပြီး နိုင်ငံသားတစ်ဦးသည် နိုင်ငံနှစ်နိုင်ငံ၏ နိုင်ငံသားဖြစ်ခွင့် (Dual Citizenship) မရရှိနိုင်ကြောင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ပုဒ်မ ၆၆ (၂)(က)တွင် အတိအလင်းပြဋ္ဌာန်းထားပါသည်။ ထို့အတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံနိုင်ငံသားတစ်ဦးသည် တစ်ချိန်တည်းမှာပင် အခြားနိုင်ငံတစ်ခုခု၏ နိုင်ငံသားဖြစ်ခွင့်ကို ရရှိထားသူဖြစ်ပါက အဆိုပါနိုင်ငံ၏ ဥပဒေအရ နိုင်ငံသားဖြစ်ခွင့်ကို ဆုံးရှုံးကြောင်း မြွက်ဟကြေညာခြင်းမပြုပါက ဘင်္ဂလားဒေ့ရှ်နိုင်ငံသားဖြစ်ခွင့်ကို ရပ်စဲကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နိုင်ငံသားဖြစ်မှုအက်ဥပဒေ ၁၉၅၁ ခုနှစ်၊ ပုဒ်မ ၁၄(၁)တွင် အတိအလင်းထည့်သွင်းပြဋ္ဌာန်းထားပါသည်။

၅၆။ ထို့ကြောင့် နိုင်ငံသားများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံသားဖြစ်ခွင့်ဥပဒေအရ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားအဖြစ်သာ ခံယူခွင့်ရှိပြီး နိုင်ငံသားများ၏ အခွင့်အရေးများနှင့် စပ်လျဉ်း၍ "အခြေခံအခွင့်အရေးများနှင့်စပ်ဆိုင်သည့် ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိသော ဥပဒေများအားလုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ဖြစ်သည့်နေ့မှစ၍ ပျက်ပြယ်ကြောင်း[64]၊ နိုင်ငံသည်လည်း အခြေခံအခွင့်အရေးဆိုင်ရာပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိသော ဥပဒေ

---

[61] Article 46 of the Constitution of People's Republic of Bangladesh 1972
[62] Article 30 of the Constitution of People's Republic of Bangladesh 1972 amendment with 1988 (8th Amendment)
[63] Article 34 of the Constitution of People's Republic of Bangladesh 1972
[64] Article 26(1) of the Constitution of People's Republic of Bangladesh 1972

များကို ပြဋ္ဌာန်းခြင်း မပြုရကြောင်း၊ ပြဋ္ဌာန်းပါက အခြေခံအခွင့်အရေးများနှင့် မညီညွတ်သည့်ပြဋ္ဌာန်းချက်များသည် ပျက်ပြယ်ကြောင်း[65]၊ အခြေခံအခွင့်အရေးများနှင့်စပ်လျဉ်းသော ပြဋ္ဌာန်းချက် များကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြင်ဆင်မှုများ ပြုလုပ်ခွင့်မရှိကြောင်း[66]”ကို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အတိအလင်းဖော်ပြထားရာ နိုင်ငံသားများ၏ အခွင့်အရေးများကို နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေက ခိုင်မာစွာ အာမခံပေးထားသည်ကို လေ့လာတွေ့ရှိရပါသည်။

## အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ

၅၇။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လုံခြုံရေး သို့မဟုတ် စီးပွားရေး သို့မဟုတ် ၎င်းတို့နှင့်သက်ဆိုင်သည့် မည်သည့်အစိတ်အပိုင်းတွင်မဆို စိုးရိမ်ဖွယ်၊ အရေးကြီးအခြေအနေပေါ်ပေါက်သည်ဟု နိုင်ငံတော်သမ္မတက မှတ်ယူလျှင်သော်လည်းကောင်း၊ စစ်မက်ဖြစ်ပွားခြင်း သို့မဟုတ် ပြည်ပကျူးကျော်မှုများ သို့မဟုတ် ပြည်တွင်းဆူပူလှုပ်ရှားမှုများ ပေါ်ပေါက်ရန် အလားအလာရှိသည့် အခြေအနေ၌လည်းကောင်း နိုင်ငံတော်သမ္မတသည် ဝန်ကြီးချုပ်၏ ထပ်ဆင့်လက်မှတ်ရေးထိုးမှုဖြင့်[67] အရေးပေါ်အခြေအနေတစ်ရပ်ကို ရက်ပေါင်း ၁၂၀ ကြာမြင့်သည့်အထိ[68] ထုတ်ပြန်ကြေညာနိုင်သည်။ အရေးပေါ်အခြေအနေထုတ်ပြန်ကြေညာခြင်းကို နိုင်ငံတစ်ဝန်းလုံးအတွက်ဖြစ်စေ၊ နိုင်ငံ၏လိုအပ်သည့်အစိတ်အပိုင်းအတွက်ဖြစ်စေ ထုတ်ပြန်ကြေညာနိုင်ပြီး ပါလီမန်၏ သဘောတူညီချက်ရရှိရမည်ဖြစ်ပါသည်။

၅၈။ အရေးပေါ်ကာလထုတ်ပြန်ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ကြေညာရာ၌ ၎င်းကို နောက်ဆက်တွဲထုတ်ပြန်ချက်ဖြင့် ရုပ်သိမ်းနိုင်ရမည်ဖြစ်ပြီး ပါလီမန်၏ သဘောတူညီချက်ဖြင့် အတည်ပြု ထုတ်ပြန်ကြေညာရပါမည်။ ပါလီမန်၏ သဘောတူညီချက်ရရှိခြင်း မရှိဘဲ အရေးပေါ်အခြေအနေထုတ်ပြန်ကြေညာသည့်ကိစ္စရပ်တွင် ရက်ပေါင်း ၁၂၀ ကုန်ဆုံးချိန်၌ ကြေညာချက်ကို ရုပ်စဲရမည်ဖြစ်ပါသည်။[69]

---

[65] Article 26(2) of the Constitution of People’s Republic of Bangladesh 1972
[66] Article 26(3) of the Constitution of People’s Republic of Bangladesh 1972 amendment with 1973 (2nd Amendment)
[67] Article 141(A) of the Constitution of People’s Republic of Bangladesh 1972 amendment with 2011 (12th Amendment)
[68] Article 141(A) of the Constitution of People’s Republic of Bangladesh 1972 amendment with 1991 (15th Amendment)
[69] Article 141(A) of the Constitution of People’s Republic of Bangladesh 1972

၅၉။ အရေးပေါ်အခြေအနေထုတ်ပြန်ကြေညာသည့်ကာလ၌ ပါလီမန်ကို ဖျက်သိမ်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းခံရပြီးဖြစ်ပါက ပါလီမန် အသစ်ပြန်လည်ဖွဲ့စည်း၍ ပထမအကြိမ် အစည်းအဝေးကျင်းပသည့်နေ့မှ ရက်ပေါင်း ၃၀ ကာလကုန်ဆုံးသည့်အချိန်တွင် ကြေညာချက်သည် ရပ်စဲသည်။ အဆိုပါရက်ပေါင်း ၃၀ မကုန်ဆုံးမီအချိန်တွင် အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာချက်ကို ပါလီမန်က သဘောတူညီမှုမရှိကြောင်း ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့လျှင်ဖြစ်စေ၊ ရက်ပေါင်း ၁၂၀ ကုန်ဆုံးလျှင်ဖြစ်စေ ယင်းကာလနှစ်ရပ်အနက် ဦးစွာကျရောက်သည့်နေ့ရက်တွင် အရေးပေါ်အခြေအနေထုတ်ပြန်ကြေညာချက်သည် ရပ်စဲရမည်ဖြစ်ပါသည်။

၆၀။ နိုင်ငံတွင် အရေးပေါ်အခြေအနေထုတ်ပြန်ထားစဉ်ကာလအတွင်း လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်၊ စုဝေးခွင့်၊ အသင်းအဖွဲ့များဖွဲ့စည်းခွင့်၊ တွေးခေါ်ထင်မြင်ယူဆခွင့်နှင့် ဟောပြောခွင့်များအပြင် ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအပိုင်း ၃ အခြေခံ အခွင့်အရေးများပါ ပြဋ္ဌာန်းချက်များအတွက် ဥပဒေပြုခွင့်နှင့် စီမံခန့်ခွဲရေးဆိုင်ရာဆောင်ရွက်မှုများကို တားမြစ်ထားပါသည်။ ထို့ပြင် နိုင်ငံတော်သမ္မတသည် ဝန်ကြီးချုပ်၏ အကြံပြုချက်အရ အခြေခံအခွင့်အရေးများကို အတည်ပြုပေးရန်အတွက် တရားရုံးသို့ တင်ပြလျှောက်ထားခွင့်နှင့် အဆိုပါအခွင့်အရေးများကို အတည်ပြုပေးရန်အတွက် တရားရုံးတွင် ဆောင်ရွက်ဆဲကိစ္စများအားလုံးကို အရေးပေါ်အခြေအနေထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ရပ်ဆိုင်းထားရမည်ဖြစ်ပါသည်။[70]

## ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း

၆၁။ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်း၊ အစားထိုးခြင်း သို့မဟုတ် ထပ်ဖြည့်ခြင်း၊ ရုပ်သိမ်းခြင်းများကို ပါလီမန်၏ ကိုယ်စားလှယ်စုစုပေါင်း ၏ သုံးပုံနှစ်ပုံထောက်ခံမဲဖြင့် ဆောင်ရွက်နိုင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မည့်ဥပဒေကြမ်းခေါင်းစဉ်တွင် ပြင်ဆင်လိုသည့်ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်ကို ဖော်ပြပေးရမည်ဖြစ်ပါသည်။ ပါလီမန်၏ ကိုယ်စားလှယ်သုံးပုံနှစ်ပုံ၏ ထောက်ခံမဲဖြင့် အတည်ပြုထားသော ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မည့်ဥပဒေကြမ်းအား နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ရရှိရန်အလို့ငှာ တင်ပြရမည်ဖြစ်ပြီး နိုင်ငံတော်သမ္မတသည် တင်ပြပြီးနောက် ၇ ရက်အတွင်း အတည်ပြုလက်မှတ်ရေးထိုးရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရန် ပျက်ကွက်ပါက သတ်မှတ်

---

[70] Article 141 of the Constitution of People's Republic of Bangladesh 1972

ကာလကုန်ဆုံးသည့် နေ့ရက်တွင် အဆိုပါဥပဒေကြမ်းအား နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးဘိသကဲ့သို့ မှတ်ယူရမည်ဖြစ်ပါသည်။[71]

၆၂။ ဖွဲ့စည်းပုံအခြေခံဥပဒေနိဒါန်း၊ အပိုင်း ၁ ၊နိုင်ငံ၏ ဖွဲ့စည်းတည်ဆောက်မှု(Republic)၊ အပိုင်း ၂ အခြေခံမူများ၊ အပိုင်း ၉(က)အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များကို လိုက်နာလျက် အပိုင်း ၃ ပါ အခြေခံအခွင့်အရေးများ၊ အပိုင်း ၁၀ ပါ အပိုဒ် ၁၅၀ ကူးပြောင်းချိန်နှင့် ယာယီပြဋ္ဌာန်းချက်များ(Transitional and Temporary provisions) အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံမူများနှင့်စပ်လျဉ်းသော ပြဋ္ဌာန်းချက်များအား အသစ်ဖြည့်သွင်းခြင်း၊ ပြောင်းလဲခြင်း၊ အစားထိုးခြင်း၊ ပယ်ဖျက်ခြင်းများကို မည်သည့်နည်းလမ်းနှင့်မျှ ဆောင်ရွက်ခြင်းမပြုရကြောင်း unamendable clause ထည့်သွင်းပြဋ္ဌာန်းထားပါသည်။[72]

၆၃။ ထိုသို့သော unamendable clause ကို ထည့်သွင်းလေ့ရှိသည့် Constitutional theory သည် နိုင်ငံတစ်နိုင်ငံ၏ အခြေခံအုတ်မြစ် Basic Structure များကို မပျက်ယွင်းစေရန်နှင့် တိုင်းပြည်ပြိုကွဲမှုအန္တရာယ်မှ တားဆီးထိန်းသိမ်းကာကွယ်ရန် ရည်ရွယ်၍ အထူးအားဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်ဖြစ်သော နိဒါန်းနှင့်တကွ အခြေခံမူများကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ အစားထိုးခြင်း၊ ပယ်ဖျက်ခြင်းမပြုနိုင်စေရန် သဘောတရား Concept များသည် နှစ်ဆယ်ရာစုနှစ်မှစ၍ ပိုမိုထွန်းကားလာပြီ Unitary States များတွင် လည်းကောင်း၊ Federal States များတွင်လည်းကောင်း ဖြစ်ပေါ်တိုးတက်လာကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။

၆၄။ ထို့ကြောင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပါလီမန်ကိုယ်စားလှယ်များ၏ သုံးပုံနှစ်ပုံထောက်ခံမဲဖြင့်သာ ပြင်ဆင်နိုင်ခြင်း၊ နိုင်ငံ၏အခြေခံအုတ်မြစ်များဖြစ်သည့် နိဒါန်းပိုင်း၊ နိုင်ငံတော်အခြေခံမူများ၊ အခြေခံအခွင့်အရေးများကို မည်သည့်နည်းလမ်းနှင့်မျှ ပြင်ဆင်၍ မရကြောင်း unamendable clause များ ဖော်ပြထားခြင်း စသည့်အချက်များကို တွေ့ရှိရသည့်အတွက် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံ

[71] Article 142 of the Constitution of People’s Republic of Bangladesh 1972 amendment with 2011(15th Amendment)

[72] Article 7B of the Constitution of People’s Republic of Bangladesh 1972 amendment with 2011(15th Amendment)

ဥပဒေသည် အလွယ်တကူပြင်ဆင်၍ မရနိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေ(Rigid Constitution) အမျိုးအစားတစ်ခုဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**သုံးသပ်ချက်**

၆၅။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေကိုလေ့လာရာ၌ နိုင်ငံကိုအမျိုးသားရေးဝါဒ (nationalism)၊ ဆိုရှယ်လစ်ဝါဒ (socialism)၊ ဒီမိုကရေစီဝါဒ(democracy)နှင့် နိုင်ငံရေးတွင် ဘာသာရေးလွှမ်းမိုးမှုကင်းစေသည့်ဝါဒ(secularism)စသည့်မူသဘောတရားလေးရပ်ကို အခြေခံ၍ ဖွဲ့စည်းတည်ဆောက်ထားပြီး တစ်ပြည်ထောင်စနစ်(Unitary State)ကို ကျင့်သုံးသောနိုင်ငံ တစ်နိုင်ငံလည်းဖြစ်ပါသည်။ နိုင်ငံ၏ အချုပ်အခြာအာဏာကို ပြည်သူများက ပိုင်ဆိုင်ပြီး အဆိုပါ အာဏာအရ အပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ပြည်သူများကိုယ်စား နိုင်ငံတော် အကြီးအကဲအဖြစ် နိုင်ငံတော်သမ္မတ၊ အုပ်ချုပ်ရေးအကြီးအကဲအဖြစ် ဝန်ကြီးချုပ်ဦးဆောင်သည့် ဝန်ကြီးများကောင်စီ၊ ဥပဒေပြုအဖွဲ့အဖြစ် ပါလီမန်နှင့် တရားလွှတ်တော်ချုပ်နှင့် အဆင့်ဆင့်သော တရားရုံးများက တရားစီရင်ရေးအာဏာများကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။ အာဏာများကို ကျင့်သုံးရာ၌ နိုင်ငံ၏ ဥပဒေပြုအဖွဲ့အစည်းဖြစ်သော ပါလီမန်သည် ဥပဒေများ ပြဋ္ဌာန်းပြီး အုပ်ချုပ်ရေးကဏ္ဍသည် ပါလီမန်မှ ပြဋ္ဌာန်းထားသောဥပဒေများကို အကောင်အထည် ဖော်ဆောင်ရွက်ရပါသည်။ တရားစီရင်ရေးကဏ္ဍသည် ဥပဒေချိုးဖောက်ခြင်းမှ ပေါ်ပေါက်လာသောအမှုကိစ္စများကို ပြဋ္ဌာန်းဥပဒေများနှင့်အညီ စီရင်ဆုံးဖြတ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

၆၆။ ဥပဒေပြုရေးအာဏာကို လွှတ်တော်တစ်ရပ်တည်းရှိသော ဥပဒေပြုအဖွဲ့ (Unicameral Legislature)က ကျင့်သုံးဆောင်ရွက်လျက်ရှိရာ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်ရာ၌ ကိုယ်စားလှယ် ၃၀၀ ဦးကို မဲဆန္ဒနယ်မြေအပေါ် အခြေခံ၍လည်းကောင်း၊ အမျိုးသမီးကိုယ်စားလှယ် ၅၀ ဦးကို အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံး၍ လည်းကောင်း သီးခြားသတ်မှတ်၍ ရွေးချယ်ထားရာ နိုင်ငံ၏ဥပဒေပြုရေးကဏ္ဍတွင် အမျိုးသမီးများပါဝင်မှု Women Empowerment ကို အလေးပေးထားကြောင်း သုံးသပ်ရရှိပါသည်။

၆၇။ နိုင်ငံတော်သမ္မတသည် ပါလီမန်ကို ဆင့်ခေါ်ခြင်း၊ ရပ်စဲခြင်း၊ ဖျက်သိမ်းခြင်းများကို ပြုနိုင်သကဲ့သို့ နိုင်ငံရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အရေးပါသည်ဟု ထင်မြင်ယူဆသည့် ကိစ္စရပ်များတွင်လည်း တရားလွှတ်တော်ချုပ်၏ သဘောထားကို ရယူ၍ ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ကုန်သွယ်မှုအပါအဝင် အစိုးရအာဏာပိုင်များက ချုပ်ဆိုမည့်စာချုပ်များကို နိုင်ငံတော်

သမ္မတအမည်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာစာချုပ်များချုပ်ဆိုမှုနှင့် စပ်လျဉ်း၍ ပါလီမန်တွင် အတည်ပြုနိုင်ရန်အလို့ငှာ နိုင်ငံတော်သမ္မတထံသို့ တင်ပြရမည်။ နိုင်ငံတော်လုံခြုံရေးနှင့်စပ်လျဉ်းသောကိစ္စရပ်များကိုသီးခြားအစည်းအဝေးများကျင်းပ၍ဆွေးနွေး အတည်ပြုရမည်ဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အပြည်ပြည်ဆိုင်ရာစာချုပ်များကို ချုပ်ဆိုပြီးနောက် စာချုပ်ပါပြဋ္ဌာန်းချက်များ၊ မဖြစ်မနေလိုက်နာရမည့်စာချုပ်၏ ရည်ရွယ်ချက်နှင့်အညီ အကောင်အထည်ဖော်ရမည့် စာချုပ်ပါတာဝန်များ (Treaty Obligations)များကို နိုင်ငံအတွင်း ပြည်တွင်းဥပဒေများပြဋ္ဌာန်း၍ လိုက်နာဆောင်ရွက်သောစနစ်(Dualistic Theory)ကို ကျင့်သုံးဆောင်ရွက်လျက်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

၆၈။ အုပ်ချုပ်ရေးအာဏာကို ဝန်ကြီးချုပ်ဦးဆောင်သည့်ဝန်ကြီးများကောင်စီက ကျင့်သုံးဆောင်ရွက်လျက်ရှိပြီး ဝန်ကြီးများကောင်စီ၏ ၉၀ ရာခိုင်နှုန်းကို ပါလီမန်ကိုယ်စားလှယ်များက ရွေးချယ်ထားပြီး အခြားဝန်ကြီးများသည် သက်ဆိုင်ရာဝန်ကြီးဌာန၏ ရေးရာကိစ္စရပ်များကို ဆွေးနွေးခြင်းမပြုဘဲ အခြားအကြောင်းအရာများကို ဆွေးနွေးရန် ပါလီမန်သို့ တက်ရောက်ခွင့်ရှိရာ ဥပဒေပြုရေးကဏ္ဍနှင့် အုပ်ချုပ်ရေးကဏ္ဍတို့၏ အာဏာခွဲဝေကျင့်သုံးမှုများအား သီးခြားစီခွဲခြား၍ ဆောင်ရွက်ကျင့်သုံးကြသော်လည်း ဝန်ကြီးချုပ်နှင့်ဝန်ကြီးများသည် ပြည်သူများ၏ ကိုယ်စားပြုပါလီမန်ကို တာဝန်ခံ၍ ပါလီမန်အတွင်း မေးခွန်းများ ဖြေကြားခြင်းများကို ဆောင်ရွက်ကြရသဖြင့် အစိုးရအဖွဲ့သည် ပါလီမန်ကို စုပေါင်း၍ တာဝန်ခံရကြောင်းကို ပြဋ္ဌာန်းထားသည့်အတွက် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသည် ပါလီမန်ဒီမိုကရေစီစနစ်(Supremacy of Parliamentary Democracy)ကို ကျင့်သုံးဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

၆၉။ တရားစီရင်ရေးအာဏာကို တရားလွှတ်တော်ချုပ်နှင့် အဆင့်ဆင့်သော တရားရုံးများက ကျင့်သုံးဆောင်ရွက်ခွင့်ရှိပြီး တရားလွှတ်တော်ချုပ်ကို အယူခံတရားရုံးဌာနနှင့် တရားလွှတ်တော်ဌာနတို့ဖြင့် ဖွဲ့စည်းထားရှိပါသည်။ အဆင့်ဆင့်သောတရားရုံးများတွင်လည်း တရားမစီရင်ပိုင်ခွင့်၊ ပြစ်မှုဆိုင်ရာစီရင်ပိုင်ခွင့်နှင့် သီးခြားစီရင်ပိုင်ခွင့်များဟူ၍ ခွဲခြားထားရှိပြီး တရားရုံးများအား စီရင်ပိုင်ခွင့်များအလိုက် ခွဲခြားဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။ တရားလွှတ်တော်ချုပ်သည် နိုင်ငံတော်သမ္မတက ပေးပို့လာသည့် အရေးကြီးသောနိုင်ငံရေးရာကိစ္စရပ်များအပေါ် သဘောထားများ ပေးပိုင်ခွင့်ရှိပြီး နိုင်ငံ၏ အာဏာပိုင်အဖွဲ့အစည်းများအားလုံးသည် တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း

ပြဋ္ဌာန်းထားသောကြောင့်တရားလွှတ်တော်ချုပ်၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်(Final and Conclusive)ဖြစ်ကြောင်း တွေ့ရှိရ၍ အပြန်အလှန်ထိန်းကျောင်းမှု (Check and Balance)တွင် တရားစီရင်ရေးကဏ္ဍ၏ အရေးပါမှုသည် တရားဥပဒေစိုးမိုးမှုကို ထင်ဟပ်စေပါသည်ဟု သုံးသပ်ရရှိပါသည်။

၇၀။ ဖွဲ့စည်းပုံပြင်ဆင်ခြင်းအပိုင်းတွင် နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပါလီမန်ကိုယ်စားလှယ်များ၏ သုံးပုံနှစ်ပုံထောက်ခံမဲဖြင့်သာ ပြင်ဆင်နိုင်ခြင်း၊ နိုင်ငံ၏အခြေခံအုတ်မြစ်များဖြစ်သည့် နိဒါန်းပိုင်း၊ နိုင်ငံတော်အခြေခံမူများ၊ အခြေခံအခွင့်အရေးများကို မည်သည့်နည်းလမ်းနှင့်မျှ ပြင်ဆင်၍ မရကြောင်း unamendable clause များ ဖော်ပြထားခြင်း စသည့်အချက်များကို တွေ့ရှိရသည့်အတွက် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အလွယ်တကူပြင်ဆင်၍ မရနိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေ(Rigid Constitution) အမျိုးအစားတစ်ခုဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

**နိဂုံး**

၇၁။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဗြိတိသျှကိုလိုနီလက်အောက်သို့ ကျရောက်ခဲ့သည့်နယ်မြေဒေသဖြစ်ခဲ့သည့်အလျောက် မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ ဘရူနိုင်းနိုင်ငံများကဲ့ Common Law Legal System ကို ကျင့်သုံးဆောင်ရွက်လျက်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ နိုင်ငံ၏ဖြတ်သန်းခဲ့ရသည့်အတွေ့အကြုံများအရ တစ်ပြည်ထောင်စနစ်ကို ကျင့်သုံးဆောင်ရွက်သော်လည်း နိုင်ငံအာဏာ၏ အရင်းအမြစ်သည် ပြည်သူများဖြစ်ပြီး ပြည်သူများ၏ ထောက်ခံဆန္ဒမဲပေးမှုများဖြင့် ၎င်းတို့၏ အစိုးရအဖွဲ့ကို ဖွဲ့စည်းထားကြောင်း၊ အစ္စလာမ်ဘာသာကို နိုင်ငံတော်ဘာသာအဖြစ်သတ်မှတ်ထားသော်လည်း အခြားကိုးကွယ်ယုံကြည်မှုများကိုလည်း အာမခံပေးထားကြောင်း၊ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများနှင့်စပ်လျဉ်း၍ သီးခြားအခန်းတစ်ခန်းအနေဖြင့် ထည့်သွင်းပြဋ္ဌာန်းထားပြီး နိုင်ငံသားများ၏ အခွင့်အရေးများကို ကာကွယ်ပေးထားသည့်အပြင် အဆိုပါပြဋ္ဌာန်းချက်အားပြင်ဆင်၍ မရကြောင်း ကိုလည်းထည့်သွင်းပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

၇၂။ သို့ပါ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံကိုအမျိုးသားရေးဝါဒ (nationalism)၊ ဆိုရှယ်လစ်ဝါဒ (socialism)၊ ဒီမိုကရေစီဝါဒ(democracy)နှင့် နိုင်ငံရေးတွင် ဘာသာရေးလွှမ်းမိုးမှုကင်းစေသည့်ဝါဒ (secularism) စသည့်မူသဘောတရားလေးရပ်ကို

အခြေခံ၍ ဖွဲ့စည်းတည်ဆောက်ထားရှိပြီး နိုင်ငံသားများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဒီမိုကရေစီ စနစ်ကျင့်သုံးခြင်းကို စိတ်အားထက်သန်စွာ လက်ခံယုံကြည်လျက်ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

## ကိုးကားသည့်စာရွက်စာတမ်းများ


၁။ The Constitution of People's Republic of Bangladesh 1972 amendment with 2018

၂။ The Citizenship Act of Bangladesh, 1951

၃။ Admiralty Court Act 1997

၄။ Ridwanul Hoque and Rokeya Chowdhury,A History of the Constitution of Bangladesh: The Founding, Development, and Way Ahead, Routledge, (1st Edition), 2024

၅။ Robert L. Maddex , Constitutions of the Word: Bangladesh, CQ Press a division of Congressional Quarterly Inc (3rd Edition), 2008

၆။ Oliver Windgätter, Encyclopedia of World Constitutions, the United States of America, 2007

၇။ Mohammad Anisul HaqueEmran, the Evolution of Bangladesh's Court Structure: How far have we come?, https://lcls-south.com/the-evolution-of-bangladeshs-court-structure-how-far-have-we-come/

၈။ Saud Hassan, Judiciary of Bangladesh, https://en.mkri.id/icjf/public/upload/papers/Judicary%20of%20Bangladesh%20by%20Saud%20Ha

၉။ Features of the Constitution (1972) of Bangladesh, http://www.surendranatheveningcollege.com/wp-content/uploads/2020/04/Features-of-the-constitution-of-Bangladesh-english.pdf

၁၀။ 50 Years of Bangladesh Constitution in a Nutshell, https://www.thedailystar.net/law-our rights/news/50-years-bangladesh-constitution-nutshell-3160281

၁၁။ Bangladesh, Toponymic Fact File, https://assets.publishing.service.gov.uk/media/650462386771b 90014fdab66/Bangladesh_Toponymic_Factfile_July_2023_update2.pdf

၁၂။ Bangladesh Summary, https://www.britannica.com/summary/Bangladesh

၁၃။ Bangladesh, https://en.wikipedia.org/wiki/Bangladesh

၁၄။ Hugh Russell Tinker, history of Bangladesh, (2024),https://www.britannica.com/topic/history-of-Bangladesh